ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့၊ ဗုဒ္ဓဟူးနေ့၊ (12-10-2011) (၆၉၁၀)

## စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
### စပိန်နိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်  အောက်တိုဘာ  ၁၂**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံ ဘုရင် ပထမမြောက် ဟွမ်၊ ကားလို့စ် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန်
### စပိန်နိုင်ငံဝန်ကြီးချုပ်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော်  အောက်တိုဘာ  ၁၂**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့ အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ စပိန်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာ ဟိုဆေး လူဝီ ရိုဒရီဂေး၏ ဇာပါတဲရို ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။

(သတင်းစဉ်)

# နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၄၉/၂၀၁၁ ကို ထုတ်ပြန်ကြေညာ
## အကျဉ်းထောင်အသီးသီးမှ အကျဉ်းသား ၆၃၅၉ ဦးတို့အား ပြစ်ဒဏ်အသီးသီးမှ လွတ်ငြိမ်းချမ်းသာခွင့်ပြု

နေပြည်တော်  အောက်တိုဘာ  ၁၁

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတရုံးက အမိန့်အမှတ် ၄၉/၂၀၁၁ ကို ယနေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**

အဆိုပါ အမိန့်ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ် ၄၉/၂၀၁၁**
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

### လွတ်ငြိမ်းချမ်းသာခွင့်ပြုခြင်း

၁။ နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် ကောင်းမွန်သောအုပ်ချုပ်ရေး၊ သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များ ထွန်းကားရေး၊ တရားဥပဒေစိုးမိုးရေး၊ စီးပွားရေး ပြုပြင်ပြောင်းလဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို ကြိုးပမ်းလုပ်ဆောင်လျက်ရှိပါသည်။

၂။ ဤသို့ နိုင်ငံတော်သစ်တည်ဆောက်ရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်သည် တည်ဆဲဥပဒေများကို ကျူးလွန်ဖောက်ဖျက်ခဲ့သူများအား တရားဥပဒေနှင့် အညီ ပြစ်ဒဏ်များ စီရင်ချမှတ်ခဲ့ရပါသည်။ ဤသို့ ပြစ်ဒဏ်စီရင်ခြင်းခံရသည့် အသက်အရွယ်ကြီးရင့်သူများ၊ ကျန်းမာရေးမကောင်းသူများ၊ ကိုယ်လက်အင်္ဂါ ချို့တဲ့သူများအပါအဝင် အကျဉ်းသားများအားလုံးအနက်မှ ထိုက်သင့်သော ပြစ်ဒဏ်များကိုကျခံပြီး စည်းကမ်းနှင့် အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသားများအား နိုင်ငံတော်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄ (ခ) ပါ ပြဋ္ဌာန်းချက်နှင့်အညီ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး နိုင်ငံတော်သစ်တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ဖြစ်စေသည့် နိုင်ငံသားများအဖြစ်သို့ ပြုပြင်ပြောင်းလဲပေးနိုင်ရန် အစီအမံများ စနစ်တကျ စီစဉ်ဆောင်ရွက်ပေးလိုပါသည်။

၃။ သို့ဖြစ်ရာ ထိုက်သင့်သော ပြစ်ဒဏ်များကို ကျခံပြီးဖြစ်သည့် စည်းကမ်းနှင့် အကျင့်စာရိတ္တကောင်းမွန်လာသော အကျဉ်းသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် သနားချစ်ခင်မှုတို့ကို အလေးထားသည့်အနေဖြင့် လည်းကောင်း၊ ယင်းတို့၏ မိသားစုများအား ငဲ့ညှာသောအနေဖြင့် လည်းကောင်း၊ ယင်းတို့သည် နိုင်ငံတော်၏ မေတ္တာနှင့် စေတနာကို နားလည်ကြပြီး မိမိအကျိုး၊ ဒေသအကျိုး၊ နိုင်ငံအကျိုးအတွက် အများပြည်သူနှင့်အတူ တာဝန်ထမ်းဆောင်သွားနိုင်စေရန် အတွက်လည်းကောင်း အကျဉ်းထောင်အသီးသီးမှ ပူးတွဲအမည်စာရင်းပါ အကျဉ်းသား ၆၃၅၉ ဦးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀၄(ခ)အရ ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် ၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (ခရစ်သက္ကရာဇ် ၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၂ ရက်)မှစ၍ ကျခံနေရသော ပြစ်ဒဏ်အသီးသီးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်သည်။

**(ပုံ) သိန်းစိန်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အလုပ်သမားအဖွဲ့အစည်း ဥပဒေပြဋ္ဌာန်း

## အလုပ်သမားအဖွဲ့အစည်း ဥပဒေ

(၂၀၁၁ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၇။)
၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၄ ရက်
(၂၀၁၁ ခုနှစ်၊ အောက်တိုဘာလ ၁၁ ရက်)

**နိဒါန်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၄ နှင့်အညီ အလုပ်သမားများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်သမားအချင်းချင်း အကြား၊ အလုပ်ရှင်နှင့် အလုပ်သမားအကြား ဆက်ဆံရေးကောင်းမွန်စေရန် လည်းကောင်း၊ အလုပ်သမားအဖွဲ့အစည်းများကို စနစ်တကျနှင့် လွတ်လပ်စွာဖွဲ့စည်းဆောင်ရွက်နိုင်ရန် လည်းကောင်း ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

**အခန်း(၁)**

**အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ (က) ဤဥပဒေကို အလုပ်သမားအဖွဲ့အစည်း ဥပဒေဟု ခေါ်တွင်စေရမည်။
(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-
(က) **အလုပ်သမား** ဆိုသည်မှာ နေ့စားအလုပ်သမား၊ ယာယီအလုပ်သမား၊ စိုက်ပျိုးရေးအလုပ်သမား၊ အိမ်အကူအလုပ်သမား၊ အစိုးရဝန်ထမ်း၊ အလုပ်သင်တို့အပါအဝင် စီးပွားရေးလုပ်ငန်းတစ်ခုတွင် ဖြစ်စေ၊ အသက်မွေးဝမ်းကျောင်းအတွက်ဖြစ်စေ မိမိ၏ လုပ်အားအပေါ် အားကိုးအားထားပြု လုပ်ကိုင်နေသူကို ဆိုသည်။ ယင်းစကားရပ်၌ တပ်မတော်သား၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် သို့မဟုတ် တပ်မတော်၏ ကွပ်ကဲမှုအောက်ရှိ လက်နက်ကိုင်အဖွဲ့အစည်းဝင်တို့ မပါဝင်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**

ကြေးမုံ The Mirror
၁၂-၁၀-၂၀၁၁
(ဗုဒ္ဓဟူးနေ့)

## ကြာမျိုးကြိုင်သင်း သီတင်းကျွတ်လ အခါသမယ

သီတင်းကျွတ်လရာသီချိန်သည် ကြည်လင်သာယာသည်။ မြကန်သာတို့အတွင်း ကြာမျိုးငါးပါးတို့ ပွင့်လန်းဝေဆာနေကြပြီ။ စံပယ်ပန်း၊ ကြာပန်း ရနံ့တို့ဖြင့် သင်းပျံ့ကြိုင်လှိုင်နေသော အချိန်အခါ။ ရာသီအားဖြင့် တူရာသီ။ စန်းပြည့်နက္ခတ်မှာ အသဝနီ။ သီတင်းကျွတ်လပြည့် သန်းခေါင်ယံအချိန်တွင် လမင်းနှင့် အဿယုဇနက္ခတ်တို့ ယှဉ်ပြိုင်သွားနေသည်။

ရာသီပွဲတော်မှာ မီးမြင်းမိုရ်ပွဲဖြစ်သည်။ ဘုရားရှင် တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ကြွမြန်းတော်မူလာချိန်ကို ရည်မှန်းပြီး သီတင်းကျွတ်လပြည့်နေ့တွင် မီးထွန်းပွဲ၊ မီးမြင်းမိုရ်ပွဲများ ကျင်းပကြခြင်းဖြစ်သည်။ မြတ်စွာဘုရားရှင်သည် ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီး ခုနစ်ဝါမြောက်တွင် တာဝတိံသာနတ်ပြည်၌ ဝါဆိုဝါကပ်တော်မူသည်။ မယ်တော်ဖြစ်ခဲ့ဖူးသော မယ်တော်မာယာဒေဝီသည် တာဝတိံသာနတ်ပြည်တွင် သန္တုသိတနတ်သားဖြစ်နေရာ မယ်တော်အား အဘိဓမ္မာတရား ဟောကြားခြင်းဖြင့် ကျေးဇူးဆပ်လိုသောကြောင့် ဖြစ်သည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် မယ်တော်မိနတ်သားနှင့် နတ်ဗြဟ္မာအပေါင်းတို့အား တာဝတိံသာနတ်ပြည်၌ **ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ**အစရှိသော အဘိဓမ္မာတရားတော်မြတ်ကို ဟောကြားတော်မူသည်။ အဘိဓမ္မာတရားတော်မြတ်ကို ဝါဆိုလပြည့်နေ့မှစတင်၍ နေ့ညမစဲ ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခဲ့ရာ သီတင်းကျွတ်လပြည့်နေ့တွင် တရားတော်ပြီးဆုံးခဲ့သည်။

မြတ်ဗုဒ္ဓဘုရားရှင်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းပတ်လုံး ဖြည့်ဆည်းအပ်သော ပါရမီတော်အဟုန်ဖြင့် ရရှိတော်မူခဲ့သည့် သဗ္ဗညုတဉာဏ်တော်ကြောင့် အဘိဓမ္မာတရားတော်ကို ထုတ်ဖော်ဟောကြားတော်မူနိုင်ခဲ့ခြင်းဖြစ်သည်။

အဘိဓမ္မာတရားတော်မြတ်သည် အလွန်ထူးကဲသည်။ စိတ်ကို အပူအပင် ကင်းစင်အေးမြကြည်လင်စေသော တရားတော်ဖြစ်သည်။ ဘဝခရီးကို တည်ငြိမ်ရင့်ကျက်စွာ လျှောက်လှမ်းစေနိုင်သည်။ တရားတော်မြတ်အား ရွတ်ပွားနာကြားနေချိန် တဒင်္ဂ၌ပင် လောဘ၊ ဒေါသ၊ မောဟကိလေသာများ ချုပ်ငြိမ်းနေခြင်း အကျိုးတရားများ ရရှိဖြစ်ထွန်းစေပေသည်။

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့မြတ်သမယတွင် မြို့ပြပြည်ရွာအနှံ့ အဘိဓမ္မာတရားတော်များ ရွတ်ပွားပူဇော်ကြသည်။ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အာရုံပြုကြည်ညိုသဒ္ဓါပွားရင်း ဒါနပြု၊ သီလဆောက်တည်၊ ဘာဝနာတရားများ အားထုတ်နေကြသည်။ အဘိဓမ္မာတရားတော်မြတ်အား မိမိတို့၏ အဇ္ဈတ္တ စိတ်သန္တာန်တွင် စွဲစွဲမြဲမြဲ ယုံယုံကြည်ကြည် ပူဇော်ကြခြင်းဖြင့် လောကီလူသားအားလုံး ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသော ကောင်းကျိုးတရားများ ရရှိနိုင်ကြမည်ဖြစ်ပါသည်။ ။

## အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၁-၁၀-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၉၈၄၉ | ၀. ၀၃၂၂၇ |
| တရုတ် (ယွမ်) | ၆. ၃၇၆၇၀ | ၀. ၁၅၆၈၂ |
| အိန္ဒိယ (ရူပီး) | ၄၉. ၃၂၀၀ | ၀. ၀၂၀၂၈ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၂၄၉ | ၀. ၃၁၈၂၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၆၆၅ | ၀. ၇၇၇၂၁ |
| ဂျပန် (ယန်း) | ၇၆. ၆၅၇၉ | ၀. ၀၁၃၀၄ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၇၂. ၄၀ | ၀. ၀၀၀၈၅ |
| ယူရို | ၀. ၇၃၆၅၉ | ၁. ၃၅၇၆၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၄၀၅၂ | ၁. ၅၆၁၂၄ |

အင်တာနက်။



ရန်ကုန်မြို့ လမ်းမတော်မြို့နယ် တော်ဝင်ဆေးတိုက်နေ ဦးစွန်တိတ်-ဒေါ်လွှင်မိသားစုက ဒေါ်လွှင် (၇၆)နှစ်ပြည့် မွေးနေ့အလှူအဖြစ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အလုံမြို့နယ်သို့ ငွေကျပ် ၁၅ သိန်းတန်ဖိုးရှိ ရေသန့်စက်နှင့် ဗလာစာအုပ် ၂၂၈ ဒါဇင်ကို ကျောင်းအုပ်ဆရာမကြီး ဒေါ်မော်လီအေးထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်နှင့် ပြင်သစ်သံအမတ်ကြီးတွေ့ဆုံ
## နှစ်နိုင်ငံကျန်းမာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၁**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Thierry MATHOU သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံလက်ရှိပူးပေါင်းဆောင်ရွက်လျက်ရှိသော အရိုးရောဂါခွဲစိတ်ကုသရေးလုပ်ငန်းများနှင့် ခုခံကျကာလသားရောဂါ ကာကွယ်တိုက်ဖျက်ရေးလုပ်ငန်းများတွင် နည်းပညာဖလှယ်ခြင်းနှင့် ပညာသင်စေလွှတ်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် အလေးပေးဆောင်ရွက်မည့် ကျေးလက်ကျန်းမာရေး ဖွံ့ဖြိုးမှုလုပ်ငန်းများ၊ ကျန်းမာရေးအသုံးစရိတ် တိုးမြှင့်ရေးကိစ္စရပ်များ၊ ကျန်းမာရေးဝန်ထမ်းများအား လေ့ကျင့်သင်ကြားပေးရာတွင် လိုအပ်သော အရည်အသွေးနှင့် အရေအတွက် ပြည့်မီရေးကိစ္စရပ်များ၊ ခေတ်မီရောဂါရှာဖွေရေးစက်ကိရိယာများ၊ ဓာတ်ခွဲခန်းသုံးကိရိယာများ ဖြည့်တင်းရေးကိစ္စရပ်များ၊ မိခင်နှင့်ကလေး ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ၊ အရည်အသွေးပြည့်ဝသော ဆေးဝါးများ ထုတ်လုပ် ဖြန့်ဖြူးပေးရေးကိစ္စနှင့် တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)



**ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ ပြင်သစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E Mr. Thierry MATHOU လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



## ကျေးရွာတစ်ရွာထုတ်ကုန်တစ်မျိုးစနစ်နှင့် စပ်လျဉ်း၍ ကျေးရွာများသို့ ရင်းနှီးငွေထုတ်ချေး

**နေပြည်တော် အောက်တိုဘာ ၁၁**

ACE Construction Group ၏ ပံ့ပိုးကူညီမှု၊ ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန သမဝါယမအသင်းစု၏ ကြီးကြပ်မှုဖြင့် ညောင်ဦးခရိုင်အတွင်းရှိ ကျေးရွာလေးရွာမှ အသင်းသားဦးရေ စုစုပေါင်း ၉၈၉ ဦးအား ချေးငွေ ကျပ်သိန်း ၁၀၀၀ ထုတ်ပေးခဲ့သည်။**(အပေါ်ပုံ)**

ယင်းသို့ ထုတ်ပေးရာတွင် အောက်တိုဘာ ၈ ရက်တွင် မြင်းကပါ၊ သီရိပစ္စယာနှင့် ပုလင်းကျေးရွာများသို့ လည်းကောင်း၊ အောက်တိုဘာ ၉ ရက်တွင် ဇီးအိုသစ်လှ ကျေးရွာသို့လည်းကောင်း ACE Construction Group ၏ ကိုယ်စားလှယ်နှင့် ညောင်ဦးမြို့နယ် သမဝါယမဦးစီးဌာန သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ထုတ်ပေးဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ခရမ်းမြို့ မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး ခရမ်းမြို့ အထက(၁)နှင့်(၂) ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အကြိမ် (၂၀)မြောက် မြတ်ဆရာပူဇော်ပွဲကို ဒီဇင်ဘာ ၂၅ ရက် (ခရစ္စမတ်နေ့)(တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် သကျမာရဇိန်သွန်းဘုရားကြီး သာသနာ့ဗိမာန်တော်၌ ကျင်းပမည်ဖြစ်သည်။

အသက် (၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများ အပူဇော်ခံကြွရောက်ကြပါရန်နှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ပူဇော်ကြပါရန် ဖိတ်ကြားထားပြီး အလှူငွေများကို ဦးစိန်သန်းအောင် ဖုန်း-၀၉-၄၉၅၇၀၆၃၈၊ ဦးစောဝင်း ဖုန်း-၀၅၆-၃၀၁၉၄၊ ဦးခင်မောင်ဦး ဖုန်း-၀၉-၅၀၉၉၃၇၈၊ ဦးမောင်ရွှေ ဖုန်း-၀၉-၅၀၀၇၁၆၂၊ ဦးသန်းငြိမ်း ဖုန်း-၀၉-၇၃၁၁၆၆၉၀၊ ဦးမြင့်စိုး ဖုန်း-၀၉-၅၀၄၀၇၇၃၊ ဦးသောင်းတင် ဖုန်း-၀၉-၈၆၄၅၂၁၆၊ ဦးအောင်သန်းဝင်း ဖုန်း-၀၉-၄၃၀၇၅၄၄၂၊ ဦးဝင်းဇော်မိုး ဖုန်း-၀၉-၈၆၀၁၂၅၂၊ ဦးအေးကို ဖုန်း-၀၅၆-၃၀၁၄၅ နှင့် ဦးသက်ထွန်းဦး ဖုန်း-၀၉-၄၉၂၃၂၄၂၈ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၂-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၇း၀၅ ၁။ နိုင်ငံတော်သီချင်း
၇း၁၀ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၂၅ ၅။ မြန်မာ့ရှုခင်း
၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၁၅ ၁၁။ ဇာတ်လမ်းတို
၈း၂၂ ၁၂။ အမျိုးသားရေးတေးကဗျာ

**ညပိုင်း**

၄း၀၂ ၁။ နိုင်ငံတော်သီချင်း
၄း၀၃ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ မျိုးချစ်တပ်မတော်
၄း၂၀ ၄။ ဇာတ်လမ်းတို
၄း၂၅ ၅။ အမျိုးသားရေးတေးကဗျာ
၄း၃၀ ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၄၅ ၇။ ရှေးဟောင်းသုတ
၅း၀၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၅း၃၀ ၉။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း (အပိုင်း-၁၀၇)**
၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၂။ **Mail Box**
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -ကြယ်တာရာမင်းသားလေး (အပိုင်း -၆၄)
၇း၀၀ ၁၄။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၁၀)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
၁၆။ အမျိုးသားရေးတေးကဗျာ
၁၇။ ဒို့တာဝန်အရေး(၃)ပါး
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ -ရိုးတိုးရွတသီတင်းကျွတ်ည (ရီရီပွင့်ဖြူ ဇရာ၊ ခင်လှိုင် နှင့် သရုပ်ဆောင်များ) [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၁။ မှတ်တမ်း
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ထာဝရချစ်သူ (အပိုင်း-၆၁) (ဇာတ်သိမ်း)**
၂၄။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်



**အမက(၃) အင်းစိန်၏ မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် သူငယ်တန်းမှ စတုတ္ထတန်းအထိ ငါးနှစ်ဆက်တိုက် ပထမဆုရရှိသော မသိမ့်သင်ဇာသန့်အား ကျောင်းအုပ်ဆရာကြီး ဦးကျော်ဇေဦး ဆုချီးမြှင့်စဉ်။** (ပညာရေး)




လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ ဘိုနီကြီးကွင်း ခေတ်မီစက်မှုလယ်ယာဟက်တာ ၂၀ စိုက်ကွင်း၌ ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအုပ်စုမှ တောင်သူများအား သိပ္ပံနည်းကျ ပစ်တိုင်းထောင်စိုက်နည်းစနစ်ကို ရှင်းလင်းပြသစဉ်။ (သတင်းစဉ်)

# စိုက်ပျိုးထွက်ရှိသည့်စပါးများ ပေါက်ဈေးထက် ဈေးပိုပေး၍ ဝယ်ယူမည် တစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိပါက ငွေကျပ်တစ်သိန်း ချီးမြှင့်မည်

နေပြည်တော် အောက်တိုဘာ ၁၁

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာ ဘိုနီကြီးကွင်း ခေတ်မီစက်မှုလယ်ယာဟက်တာ ၂၀ စိုက်ကွင်း၌ သိပ္ပံနည်းကျ ပစ်တိုင်းထောင်စိုက်နည်းစနစ်များ လေ့လာရန်ရောက်ရှိနေသော ပျဉ်းမနားမြို့နယ် မယ်ဇလီကုန်းကျေးရွာအုပ်စုမှ တောင်သူ ၁၃၈ ဦးတို့အားတွေ့ဆုံ၍ တစ်စေ့ချင်း ပျိုးပန်းဖြင့် လွယ်ကူစွာပျိုးထောင်ပြီး ပျိုးသက် ၁၄ ရက်တွင် စိုက်ပျိုးနိုင်သည့် သိပ္ပံနည်းကျ ပစ်တိုင်းထောင်စပါးစိုက်နည်းစနစ်၏ အကျိုးကျေးဇူးများ၊ လွယ်ကူစွာစိုက်နိုင်ပြီး အချိန်နှင့် လုပ်အားခသက်သာစေသည့်အပြင် အထွက်နှုန်း ပိုမိုတိုးတက်ကောင်းမွန်နိုင်မှုများကို ပဏာမရှင်းလင်းပြောကြားသည်။**

ထို့နောက် စိုက်ပျိုးရေးပညာရှင် ဒေါက်တာရဲတင့်ထွန်းက ပစ်တိုင်းထောင်စိုက်နည်းစနစ်နှင့်ပတ်သက်၍ ပျိုးထောင်နည်းနှင့် စိုက်ပျိုးနည်းအဆင့်ဆင့်တို့ကို လက်တွေ့ရှင်းလင်းပြသရာ တောင်သူများက ပျိုးပန်းများဖြင့် လက်တွေ့စိုက်ပျိုးနေမှုကို စိတ်ဝင်တစား ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ တောင်သူများသည် ချိုင်းကျေးရွာ တောင်သူပညာပေး မိုးစပါးစိုက်ခင်း ဧက ၄၀ စိုက်ကွင်း၌ သက်တမ်း ၉၂ ရက်သားရှိ တစ်ဧကတင်း ၁၀၀ အထက် ထွက်ရှိမည့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးစံပြစိုက်ခင်းကိုလည်းကောင်း၊ မယ်ဇလီကုန်းကျေးရွာအုပ်စု အလျင်လိုကျေးရွာရှိ မိုးစပါး ၃၆၉ ဧက စိုက်ကွင်းကိုလည်းကောင်း လေ့လာကြပြီး တောင်သူများက နည်းပညာရပ်ဆိုင်ရာ လိုအပ်ချက်များ၊ မိုးစပါးအထွက်ကောင်းရန် ဆက်လက်ဆောင်ရွက်ရမည့်အချက်များ၊ နွေစပါးစံပြစိုက်ပျိုးရန် လိုအပ်ချက်များကို တင်ပြကြရာ တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်း၊ နွေစပါးစံပြ ၃၆၉ ဧက စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ ကုန်ထုတ်လမ်းများနှင့် လယ်ကြားမြောင်းများ တူးဖော်ပေးမည်ဖြစ်ကြောင်း၊ တောင်သူများ စိုက်ပျိုးထွက်ရှိလာသည့် စပါးများအပေါ် ပေါက်ဈေးထက်ဈေးပိုပေး၍ ဝယ်ယူသွားမည့်အပြင် စိုက်ပျိုးစရိတ် ကုန်ကျစရိတ်ငွေ၏ ၃၀ ရာခိုင်နှုန်းကို ကြိုတင်ထုတ်ပေးမည်ဖြစ်ကြောင်း၊ တစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိပါက ထွက်ရှိသည့် တောင်သူတိုင်းအား ငွေကျပ်တစ်သိန်းစီ ချီးမြှင့်ပေးမည်ဖြစ်ကြောင်း၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို ပြောင်းလဲစိုက်ပျိုးနိုင်ရန် နည်းပညာအကူအညီများ၊ မျိုးကောင်းမျိုးသန့်များ၊ ခေတ်မီရိတ်သိမ်းခြွေလှေ့စက်များဖြင့် ကူညီပံ့ပိုး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။ (သတင်းစဉ်)

# ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် စပိန်နိုင်ငံ အမျိုးသားနေ့ သဝဏ်လွှာပေးပို့

**နေပြည်တော် အောက်တိုဘာ ၁၂**

၂၀၁၁ ခုနှစ် အောက်တိုဘာ ၁၂ ရက်တွင် ကျရောက်သော စပိန်နိုင်ငံ၏ အမျိုးသားနေ့အခါသမယ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ စပိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီး ထရီနီဒက် ဂျီမန်နက်(ဇ်) ဂါဆီယာ ဟာရဲလား ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၂-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

**[၁၃၇၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့ (ဥပုသ်နေ့)]**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် - ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်
- ၇း၃၀ ၂။ နံနက်ခင်းသတင်း
- ၇း၄၀ ၃။ "နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့ ကံသုံးဆင့်စာသင်တိုက် ဆရာတော်ဘဒ္ဒန္တဂုဏိကာဘိဝံသ အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၏ သီတင်းကျွတ် လပြည့်အဘိဓမ္မာအခါတော်နေ့ တရားတော်"
- ၈း၁၀ ၄။ မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး- တေးရေး-မောင်မောင်လတ်)
- ၈း၁၅ ၅။ "ရွှေကျောင်မြို့ သီတင်းကျွတ်မီးမျှောပွဲ"
- ၈း၂၅ ၆။ International News
- ၈း၃၀ ၇။ Islands of Dhamma(1)
- ၈း၄၀ ၈။ ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက) တိပိဋကမဟာဂန္ထဝင်ကျောင်းတိုက် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ ဝါကျွတ်တေးများ
- ၄း၂၀ ၃။ ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု) (အထက-၆ ဗိုလ်တထောင်) (အမျိုးသားဝတ်ရွတ်အဖွဲ့)
- ၄း၄၀ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄း၅၀ ၅။ သီချင်းကြီးပဒေသာ
- ၄း၅၅ ၆။ International Science News
- ၅း၀၅ ၇။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
- ၅း၁၅ ၈။ ၂၀၁၁ ခုနှစ် (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ကြရန် (မဟာဂီတ) [အခြေခံပညာ(၁၅-၂၀) အဆင့်](အမျိုးသား၊ အမျိုးသမီး)
- ၅း၃၀ ၉။ ဆိုကြပျော်ရွှင်တေးသံစဉ်
- ၆း၀၀ ၁၀။ ညနေခင်းသတင်း
- ၆း၁၅ ၁၁။ မိုးလေဝသအခြေအနေ
- ၆း၂၀ ၁၂။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
- ၆း၃၅ ၁၃။ ရွှေရင်ခုန်သံ
- ၇း၀၅ ၁၄။ မြန်မာ့ယဉ်ကျေးမှု အက၊ အလှများ
- ၇း၁၀ ၁၅။ အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတအဖွဲ့ဖျော်ဖြေခန်း (အပိုင်း-၁၅)
- ၇း၃၀ ၁၆။ သီတဂူဆရာတော်ကြီး၏ အဘိဓမ္မာအခါတော်နေ့ တရားတော်
- ၈း၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ (၁၈)ကြိမ်မြောက်မြန်မာ့ရိုးရာ ယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (အတီးဘာသာရပ်ဆိုင်ရာ) အကဲဖြတ်ဒိုင်အဖွဲ့၏ အထောက်အကူပြုဆွေးနွေးခန်း
- ၂၁။ ပျော်ရွှင်ရင်ခုန်ပြကွက်စုံ
- ၂၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သစ္စာလွှမ်းသောမေတ္တာ" (အပိုင်း-၉၈)**
- ၂၃။ "တစ်ပါးသီလ(၂)" (ဖိုးသောကြာ၊ မြင့်စိုင်းသား အောင်အောင်၊ စောနိုင် (ရှမ်းပြည်)၊ တင်တင်လှ၊ ဟန်လေး) [ဒါရိုက်တာ- တင်မောင်အေး(တစ်ပါးသီလ)]
- ၂၄။ မင်းကွန်းဆရာတော်ကြီး၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာပွားများခြင်း တရားတော်
- ၂၅။ အစီအစဉ်ပြီး၏။

# စတော့ရှယ်ယာ ရောင်းဝယ်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၁၁**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းသန်းအား ထိုင်းနိုင်ငံ စတော့အိတ်ချိန်း၏ President of the Mardet of Alternative Investment Mr. Chanitr Charnchainarong နှင့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ စတော့ရှယ်ယာ ရောင်းဝယ်မှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ၏ အတွေ့အကြုံများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)

# ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းပြုပြင်ခြင်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်မည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ယခုနှစ် မိုးရာသီတွင် မိုးရွာသွန်းမှုများပြား၍ မိုးရေချိန်လက်မ စံချိန်တင်များပြားခဲ့ခြင်းနှင့်အတူ ရန်ကုန်မြို့တော်အနှံ့ လမ်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပြီး ပွင့်လင်းရာသီတွင် လမ်းပြုပြင်ခြင်း၊ ရေမြောင်းများ တူးဖော်ခြင်း၊ ရေစီးရေလာကောင်းမွန်စေရေး အရှိန်အဟုန်မြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီမှ သိရှိရသည်။

မိုးတွင်းကာလ လမ်းပြုပြင်ရာတွင် အကျိုးသက်ရောက်မှုနည်းပါး၍ ပြုပြင်ရန်ခက်ခဲခြင်း၊ လေလွင့်ပြုန်းတီးခြင်းတို့ မဖြစ်ပေါ်စေရန်အတွက် လမ်းပြုပြင်ခြင်းထက် ထိန်းသိမ်းခြင်းလုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ရပြီး ပွင့်လင်းရာသီတွင် လုပ်ငန်းများ ပိုမိုတိုးတက်ဆောင်ရွက်နိုင်ရန် ဆောင်ရွက်သွားမည်ဟု သိရသည်။

"ဒီနှစ်မှာ လမ်းပေါက်များတာနဲ့ လမ်းပျက်စီးမှုများတာကို ဝန်ခံပါတယ်။ အဓိက ပျက်စီးရတဲ့အကြောင်းရင်း လေးချက်ရှိပါတယ်။ မိုးရွာသွန်းမှုများပြားလို့ ဒီနှစ် မှာ အရင်နှစ်ကထက် မိုးရေချိန်လက်မ ၂၈ ဒသမ ၈ ရာခိုင်နှုန်းလောက် ပိုများခဲ့ပါတယ်။ နောက်တစ်ခုက ရေစီးရေလာ မကောင်းတာကြောင့်လည်း ပါပါတယ်။ ရေနုတ်မြောင်းတွေ သက်တမ်းကြာလာတာရယ်၊ စည်းကမ်းမဲ့ အမှိုက်တွေပစ်ချနေတာရယ်၊ မြို့ကွက်သစ်တွေကြောင့် ရေဝပ်ဧရိယာတွေ လျော့ကျလာတာလည်း ပါပါတယ်။ အမှိုက်တွေ မြောင်းထဲပစ်ချတာတွေကလည်း ရေစီးရေလာကောင်းမွန်ရေးကို ထိခိုက်စေပါတယ်။ နောက်ပြီး ကုန်တင်မော်တော်ယာဉ်ကြီးတွေ သတ်မှတ်လမ်းတွေမဟုတ်ဘဲ စည်းကမ်းမဲ့ မောင်းတာကြောင့်လည်း ဖြစ်ပါတယ်။ ဒါတွေကို ဌာနအနေနဲ့ ရေစီးရေလာကောင်းမွန်ဖို့ ကျပ်သိန်း ၈၈၀၀ အကုန်ခံဝယ်ယူပြီး လုပ်ငန်းခွင်ထဲမှာ သုံးစွဲနေပါတယ်။ လမ်းပြုပြင်ဖို့အတွက် ကတ္တရာကွန်ကရစ်တန်ချိန် ၃၀၂၅၇ သုံးစွဲပြုပြင်ခဲ့ပြီးဖြစ်သလို နောက်ထပ်တန်ချိန် ၃၀၀၀ ထပ်ဝယ်ထားပါတယ်။ ပျက်စီးမှုများခဲ့တဲ့ လမ်းမကြီးတွေကိုလည်း ကွန်ကရစ်လမ်းမကြီးတွေအဖြစ် အဆင့်မြှင့်တင် ခင်းကျင်းသွားမှာ ဖြစ်ပါတယ်" ဟု ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူတစ်ဦးက ရှင်းပြခဲ့သည်။ (၀၀၁)

# စားသုံးရန်မသင့်သည့် လယ်ခရုများ

**ရန်ကုန် အောက်တိုဘာ ၁၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်း ပျံ့နှံ့လျက်ရှိသော လယ်ခရုများကို စားသုံးရန် သင့်၊ မသင့်၊ အာဟာရဓာတ် ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်ရန် အင်းစိန်မြို့နယ်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အရည်အသွေးစစ်ဆေးရေး ဓာတ်ခွဲခန်းသို့ လယ်ခရုနှင့် ခရုဥများကို ပေးပို့ဓာတ်ခွဲစမ်းသပ်ထားကြောင်း စက်တင်ဘာ ၂၉ ရက်ထုတ် ကြေးမုံသတင်းစာတွင် ဖော်ပြခဲ့ပြီးဖြစ်သည်။

ဓာတ်ခွဲစမ်းသပ် တွေ့ရှိချက်အရ အဆိုပါ လယ်ခရုများသည် သန်ကောင်မျိုးစိတ်စွဲကပ်နေသော မှီခိုကောင်များဖြစ်၍ စားသုံးရန် မသင့်ကြောင်း၊ လယ်ခရုများတွင် ပရိုတင်းပါဝင်မှု ၄၂ ရာခိုင်နှုန်း၊ အဆီ (Fat) ပါဝင်မှု သုည ဒသမ ၉ ရာခိုင်နှုန်း၊ ခရုဥတွင် ပရိုတင်းပါဝင်မှု ၂၁ ဒသမ ၇ ရာခိုင်နှုန်းရှိပြီး လယ်ခရုတွင်ပါရှိသည့် Angiostrongylus သန်ကောင်ကြောင့် သွေးဖြူဥအားနည်းခြင်း၊ ဦးနှောက်အမြှေးရောင်ရောဂါနှင့် ပြင်းထန်သော အာရုံကြော ပျက်စီးခြင်းများ ဖြစ်ပွားနိုင်ကြောင်း၊ အဆိုပါ လယ်ခရုများတွင် ပါဝင်သော ပရိုတင်းသည် အစာချေဖျက်ခြင်းကို ဟန့်တားနိုင်ကြောင်း သိရှိရသည်။

လယ်ခရုများအား ထိန်းချုပ်ရေးနှင့် ပညာပေးဟောပြောပွဲများ ပြုလုပ်ရန် သက်ဆိုင်ရာက စီစဉ်ဆောင်ရွက်လျက်ရှိပြီး မွန်ပြည်နယ်အစိုးရအဖွဲ့က ပြည်သူများစားသုံးခြင်းမပြုရန် ခရိုင်နှင့်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ဌာနဆိုင်ရာများသို့ အသိပေးအကြောင်းကြားစာများ ပေးပို့ထားကြောင်း သိရှိရသည်။

(ညွန့်သန်း-သတင်းစဉ်)

# အင်အားအသင့်အတင့်ရှိ မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် အောက်တိုဘာ ၁၁**

ယနေ့ ည ၈ နာရီ ၁၁ မိနစ် ၅၄ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အနောက်တောင်ဘက် မိုင်၂၆၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြင်ပ (အိန္ဒိယနိုင်ငံ၊ ကပ္ပလီကျွန်း)ကို ဗဟိုပြု၍ အင်အားရစ်(ချ်)တာစကေး ၅ ဒသမ ၀ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားသည်ဟု တိုင်းထွာရရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ငွေဆောင်မြို့ဝင် ဆိုင်းဘုတ်ဖွင့်ပွဲနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဗဟိုအဆင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ လေ့ကျင့်ဖျော်ဖြေတင်ဆက်ပွဲ ကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၁

**ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်သည် အောက်တိုဘာ ၈ ရက် နံနက် ၈ နာရီ ၃၅ မိနစ်တွင် ငွေဆောင်မြို့နယ်ခွဲ အပန်းဖြေစခန်း ပြန်လည်ဖွင့်လှစ်ခြင်း အထိမ်းအမှတ် မြို့ဝင်မုခ်ဦးဆိုင်းဘုတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။**

အခမ်းအနားတွင် တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှခိုင်၊ ငွေဆောင်ဟိုတယ်ဇုန်များ အသင်းဥက္ကဋ္ဌ ဒေါ်မိုးမြမြနှင့် တာဝန်ရှိသူတို့က မြို့ဝင်မုခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသော ဟိုတယ်လုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ နံနက် ၈ နာရီ မိနစ် ၅၀ တွင် Myanmar Treasure Resort ဟိုတယ်ခန်းမ၌ ကျင်းပသည့် ပုဂ္ဂလိကငွေစုငွေချေးအသင်းများသို့ မတည်ရင်းနှီးငွေ ပေးအပ်ပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်ရာ ရှေးဦးစွာ ငွေဆောင်ဟိုတယ်ဇုန်များအသင်းဥက္ကဋ္ဌ ဒေါ်မိုးမြမြက ငွေဆောင်မြို့နယ်ခွဲ အသေးစား ပုဂ္ဂလိကငွေစုငွေချေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် မတည်ရင်းနှီးငွေ ကျပ်သိန်း ၃၀၀ ကို တိုင်းဒေသကြီး ဝန်ကြီးချုပ်ထံ ပေးအပ်လှူဒါန်းသည်။

**လှူဒါန်း**

ထို့နောက် ငွေဆောင်ဟိုတယ်ဇုန်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ထွန်းက ငွေဆောင်ဆေးရုံ၌ ဓာတ်မှန်စက်ဝယ်ယူရန်အတွက် အလှူငွေကျပ်သိန်း ၅၀ နှင့် ငွေဆောင်အခြေခံပညာအထက်တန်းကျောင်း ရန်ပုံငွေအတွက် အလှူငွေကျပ် ၂၅ သိန်း တို့ကို လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ငွေဆောင်ကမ်းခြေတွင် ကျင်းပသော ငွေဆောင်ကမ်းခြေ သန့်ရှင်းသာယာလှပရေးဆောင်ရွက်ပွဲ အခမ်းအနားသို့ တက်ရောက်ကာ ကမ်းခြေတစ်လျှောက် လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ငွေဆောင်ကမ်းခြေ၌ ၂၀၁၃ ခုနှစ် ရွက်လှေပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် လေ့ကျင့်နေသော ရွက်လှေအသင်း တာဝန်ခံနည်းပြနှင့် အသင်းသားများအား တွေ့ဆုံအားပေးသည်။ ဆက်လက်၍ ဝန်ကြီးချုပ်နှင့်အဖွဲ့သည် The Palm Beach Resort ဟိုတယ်နှင့် Aureum Palace Resort ဟိုတယ်များသို့ သွားရောက်ပြီး ဟိုတယ်များအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ည ၇ နာရီခွဲတွင် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး ဥပဒေချုပ်၊ တိုင်းဒေသကြီး စာရင်းစစ်ချုပ်၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တိုင်းအဆင့်တာဝန်ရှိဌာနဆိုင်ရာများနှင့်အတူ ပုသိမ်မြို့ ဧရာရွှေဝါခန်းမ၌ ကျင်းပသော (၁၈)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ဗဟိုအဆင့် ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များ၏ မဟာဗုဒ္ဓဝင်ဖွားတော်မူခန်း လေ့ကျင့်ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး ဆွေးနွေးညှိနှိုင်းပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံတွင် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်အစည်းအဝေးခန်းမ၌ ကျင်းပရာ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားရာတွင် ထိုင်းနိုင်ငံ အစားထိုးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဈေးကွက် Stock Exchange အဖွဲ့အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်၍ ထိုင်းနိုင်ငံ၏ အရင်းအနှီး ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည့်အတွက် ကျေးဇူးအထူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော အရင်းအနှီး ဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်း၍ လုပ်ငန်းဆောင်ရွက်လျက်ရှိရာ ထိုင်းနိုင်ငံ Stock Exchange အဖွဲ့က ရှင်းလင်းဆွေးနွေးမည့် အတွေ့အကြုံများသည် မိမိတို့နိုင်ငံအတွက် များစွာအကျိုးကျေးဇူးဖြစ်ထွန်းမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးရေးအတွက် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များအရ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံတွင် Stock Exchange များကို (၂၀၁၅)ခုနှစ် မတိုင်မီ ထူထောင်သွားရမည်ဖြစ်ကြောင်း၊ ထိုင်းနိုင်ငံ Stock Exchange အဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့အကြား ပြုလုပ်သော ဆွေးနွေးညှိနှိုင်းပွဲသည် မိမိတို့နိုင်ငံ၏ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို များစွာအထောက်အကူပြုမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ထိုင်းနိုင်ငံ အစားထိုးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဈေးကွက် Stock Exchange ဥက္ကဋ္ဌ Mr. Chanitr Charnchainarong က Thai's Experience on Capital Market Development ခေါင်းစဉ်ဖြင့် ဆွေးနွေးရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများ၏ ဆွေးနွေးမေးမြန်းကြမှုများကို ပြန်လည်ရှင်းလင်း ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ညွှန်ကြားရေးမှူး ဦးမောင်မောင်က Development of Capital Market in Myanmar အကြောင်း ဆွေးနွေးရှင်းလင်းတင်ပြပြီး ထိုင်းနိုင်ငံ အစားထိုးရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဈေးကွက် Stock Exchange အဖွဲ့က ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





**မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်း မြန်မာနိုင်ငံတွင် အရင်းအနှီး ဈေးကွက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်းပွဲတွင် အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

# အင်းစိန်တိမွေးကုတက္ကသိုလ် မြတ်ဆရာပူဇော်ပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

၁၉၇၁-၇၇ ပညာသင်နှစ် တိမွေးကုတက္ကသိုလ်အင်းစိန်မှ ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ တတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ၂၀၁၂ ခုနှစ် ဇန်နဝါရီ ၁ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ အလုံစက်မှုဆိပ်ကမ်းရှေ့ရှိ ဝက်စ်တင်ပတ်ရှုဘီစားသောက်ဆိုင်၌ ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြပါရန်နှင့် ဒေါက်တာမျိုးတင့် (ရန်ကုန်)၊ ဒေါက်တာနုနုဝင်း ဖုန်း-၀၉-၅၁၁၁၈၂၉၊ ဒေါက်တာစိုးဝင်း-ဒေါက်တာဘေဘီတိုး ဖုန်း-၀၉-၅၁၈၀၂၃၂၊ ဒေါက်တာမောင်မောင်ကြီး ဖုန်း-၀၉-၇၃၀၈၂၀၁၇၊ ဒေါက်တာလှလှသိန်း ဖုန်း-၀၉-၅၁၄၇၀၅၈၊ ဒေါက်တာနန်းခင်မေဖူး ဖုန်း-၀၉-၅၀၀၃၁၈၃၊ ဒေါက်တာခင်ကျော့ယဉ်(မန္တလေး) ဖုန်း-၀၉-၂၀၀၂၈၄၁၊ ဒေါက်တာတင်ဝင်း ဖုန်း-၀၉-၉၁၀၃၉၀၇၆၊ ဒေါက်တာခင်မောင်မောင် (နေပြည်တော်)ဖုန်း-၀၉-၄၉၂၀၈၇၂၅တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။ (ကြေးမုံ)

# ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလှေ့လာစို့

# တောင်ကြီးစက်မှုလက်မှုအထက်တန်းကျောင်း အာစရိယပူဇော်မည်

**နေပြည်တော် အောက်တိုဘာ ၁၁**

တောင်ကြီးမြို့ စက်မှုလက်မှုအထက်တန်းကျောင်း ကျောင်းသားဟောင်းများ၏ (၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို တောင်ကြီးမြို့ တန်ဆောင်တိုင်ပွဲတော်နှင့်အတူ နိုဝင်ဘာ ၅ ရက်(စနေနေ့) ညနေ ၃ နာရီတွင် ကျင်းပမည်ဖြစ်ရာ နိုဝင်ဘာ ၃ ရက် ညနေ ၄ နာရီ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ပြည်လမ်း ၈ မိုင် သမားတော်ဆေးခန်းရှေ့မှ မော်တော်ယာဉ်ထွက်ခွာမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ လိုက်ပါမည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသားဟောင်းများသည် ယင်းနေ့ညနေ ၃ နာရီခွဲအရောက် လာရောက်ကြပါရန်နှင့် အသေးစိတ်သိရှိလိုပါက ဦးစိုးမြင့် ဖုန်း-၀၉-၅၁၃၁၂၁၉၊ ဦးလှသိန်း ဖုန်း-၀၉-၅၁၉၂၉၇၅၊ ဦးသိန်းလွင် ဖုန်း-၀၉-၂၀၁၈၀၆၁ သို့ ဆက်သွယ်မေးမြန်းနိုင်သည်။

အလှူငွေ ထည့်ဝင်လိုသူများသည် ဦးတင်အောင်(တောင်ကြီး) ဖုန်း-၀၈၁-၂၀၀၆၅၉၊ ဦးစိုးညွန့်(တောင်ကြီး)ဖုန်း-၀၈၁-၂၁၆၅၇၊ ဦးခင်မောင်ဝင်း(တောင်ကြီး) ဖုန်း-၀၉-၄၉၃၈၄၆၉၃၊ ဦးအေးဝင်း (မန္တလေး) ဖုန်း-၀၂-၆၂၅၄၄၊ ဦးအောင်မြင့်သိန်း(ပခုက္ကူ) ဖုန်း-၀၉-၂၃၀၀၅၁၅နှင့် ဦးကိုကိုလတ်(မိတ္ထီလာ) ဖုန်း-၀၆၄-၃၅၀၉၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

# ထူးကြီးအသင်း(ရန်ကုန်)စုပေါင်းလှူဒါန်းမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

ထူးကြီးအသင်း(ရန်ကုန်)မှ ကြီးမှူးကျင်းပမည့် ဒုတိယအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို အောက်တိုဘာ ၃၀ ရက်(တနင်္ဂနွေနေ့)တွင် ဇာတိမြေ ဧရာဝတီတိုင်းဒေသကြီး ထူးကြီးမြို့ တောင်ပေါ်တိုက်ကျောင်း၌ ကျင်းပမည်ဖြစ်သည်။

အသင်းသူ၊ အသင်းသားများ ရန်ကုန်ရောက်ဇာတိမြေဖွားတို့သည် အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းနိုင်ပါကြောင်းနှင့် ကိုယ်တိုင်လိုက်ပါလှူဒါန်းလိုသူများ ဦးမျိုးသန့် ဖုန်း-၀၉-၇၃၀၃၈၀၁၃၊ ဦးမြင့်သိန်း ဖုန်း-၀၉-၅၁၀၃၂၁၀၊ ဦးမြင့်သန်း ဖုန်း-၀၉-၇၃၀၅၇၂၃၇၊ ဦးခင်မောင်ကြည် ဖုန်း-၀၉-၇၃၁၃၈၃၉၄၊ ဦးတင်ဦး ဖုန်း-၀၉-၅၁၆၁၈၈၇၊ ဒုတိယဗိုလ်မှူးကြီး ရွှေခိုင်(ငြိမ်း) ဖုန်း-၀၉-၅၃၅၁၉၄၇၊ ဦးဝင်းကို ဖုန်း-၀၉-၅၁၄၂၁၀၅ တို့သို့ အောက်တိုဘာ ၂၇ ရက် နောက်ဆုံးထားပြီး ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

**ဥတုရာသီတောကိုမှီ၏**

## နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

နိုင်ငံတကာသတင်းများ

# အေဒင်ပင်လယ်ကွေ့၌ အီတလီသင်္ဘောတစ်စင်း ဆိုမာလီဓားပြလက်ချက်မိပြန်

**ရောမ အောက်တိုဘာ ၁၁**

ဆိုမာလီကမ်းလွန်မှ ကီလိုမီတာ ၆၂၀ ခန့် ကွာဝေးသော အေဒင်ပင်လယ်ကွေ့တွင် အောက်တိုဘာ ၁၀ ရက်က အီတလီနိုင်ငံပိုင် သင်္ဘောတစ်စင်းကို ဆိုမာလီပင်လယ်ဓားပြများက တိုက်ခိုက်၍ ဖမ်းဆီးလိုက်ပြန်သည်ဟု အီတလီနိုင်ငံခြားရေး ဝန်ကြီးဌာနက အောက်တိုဘာ ၁၁ ရက်တွင် အတည်ပြုပြောကြားလိုက်သည်။

အဆိုပါသင်္ဘော မွန်တီခရစ်စတိုသည် ဂျပန်သင်္ဘောကဲ့သို့ပင် အေဒင်ပင်လယ်ကွေ့တွင် သဲကြီးမဲကြီး တိုက်ခိုက်ဖမ်းဆီးခြင်းခံရကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်က ပြောကြားသည်။

ယင်းသင်္ဘောနှင့်အတူ အီတလီနိုင်ငံသား ခုနစ်ဦး အပါအဝင် ၂၃ဦးကိုပါ ဖမ်းဆီးထားကြောင်း အီတလီနိုင်ငံသား ခုနစ်ဦးမှာ ယူကရိန်းနှင့် ပါကစ္စတန်လူမျိုးများဖြစ်ကြကြောင်း သတင်းတွင် ထည့်သွင်းပြောကြားသည်။

မွန်တီခရစ်စတိုသင်္ဘောသည် စူးအက်တူးမြောင်းမှ ထွက်ခွာလာပြီးနောက် ဗီယက်နမ်နိုင်ငံသို့ ဦးတည်ခုတ်မောင်းလာခြင်းဖြစ်ကြောင်း၊ အေဒင်ပင်လယ်ကွေ့တွင် ပြန်ပေးဆွဲခံရသည့် တတိယမြောက် အီတလီသင်္ဘောဖြစ်ကြောင်း ပြောကြားသည်။

*ဆင်ဟွာ။*





**ရေလွှမ်းမိုးလျက်ရှိသောလမ်းတစ်လမ်း၌ ပြည်သူများ သွားလာလျက်ရှိကြသည်ကို တွေ့ရစဉ်။**

# သုဝဏ္ဏဘူမိလေဆိပ်၌ရေလွှမ်းမှုမရှိရေး တံတိုင်းနံရံများကို တိုးချဲ့တည်ဆောက်နေ

**ဗန်ကောက် အောက်တိုဘာ ၁၁**

ထိုင်းနိုင်ငံ မြို့တော်ဗန်ကောက်၌ ဆယ်စုနှစ်များအတွင်း အဆိုးရွားဆုံးသော ရေလွှမ်းမိုးမှု ဖြစ်ပွားလျက်ရှိရာ မြို့တော်နေ ပြည်သူ ၁၂ သန်းကို ရေဘေးအန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် အစိုးရတာဝန်ရှိသူများက ကြိုးပမ်းလျက်ရှိကြကြောင်း၊ ထိုင်းနိုင်ငံ၏ အဓိကလေဆိပ်ဖြစ်သော သုဝဏ္ဏဘူမိ လေဆိပ်၌လည်း ရေလွှမ်းမိုးမှုကာကွယ်ရေး တံတိုင်းနံရံများကို တိုးချဲ့တည်ဆောက်နေကြောင်း သတင်းဌာနများက အောက်တိုဘာ ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။ သုဝဏ္ဏဘူမိလေဆိပ်၌ ရေလွှမ်းမိုးမှုကာကွယ်ရေး တံတိုင်းနံရံကို ၃ ဒသမ ၅ မီတာ (၁၁ဒသမ ၅ပေ)အထိ တိုးမြှင့်နိုင်ရန် လုပ်ဆောင်ခဲ့ကြကြောင်း ထိုင်းလေဆိပ်များ အာဏာပိုင်အဖွဲ့မှ ညွှန်ကြားရေးမှူး ဆွမ်ချိုင်းဆာဝါဒီဖိုးကပြောကြားသည်။

သုဝဏ္ဏဘူမိလေဆိပ်ကို ပုံမှန်အတိုင်း ဖွင့်လှစ်ထားမည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ သုဝဏ္ဏဘူမိလေဆိပ်၌ ရေလွှမ်းမိုးမှုမဖြစ်ပေါ်စေရန် တားဆီးကာကွယ်ပေးနိုင်မည်ဟု မိမိယူဆကြောင်း၊ အဆိုပါလေဆိပ်၌ ရေထုတ်ပေးနိုင်သော စခန်းနှစ်ခုဖွင့်လှစ်ထားပြီး ရေဘေးအခြေအနေကို ၂၄နာရီမလပ် လေ့လာစောင့်ကြည့်နေကြောင်း ၎င်းကပြောကြားသည်။

**အင်တာနက်။**

# နယူးဇီလန်၌ အဆိုးရွားဆုံးသော ပင်လယ်ညစ်ညမ်းမှု ပြဿနာဖြစ်ပေါ်

**တော်ရန်ဂါ အောက်တိုဘာ ၁၁**

နယူးဇီလန်နိုင်ငံ၌ အဆိုးရွားဆုံးသော ပင်လယ်ရေကြောင်း ပတ်ဝန်းကျင်ညစ်ညမ်းမှု ပြဿနာဖြစ်ပေါ်လျက်ရှိကြောင်း အစိုးရက အောက်တိုဘာ ၁၁ရက်တွင် ထုတ်ပြန်ကြေညာသည်။

လိုင်းကြီးလေထန်မှုကြောင့် ကုန်တင်သင်္ဘောတစ်စင်း သောင်တင်မှုဖြစ်ပေါ်ခဲ့ပြီးနောက် သဘာဝပတ်ဝန်းကျင်ကောင်းမွန်သော ပင်လယ်အော်ဒေသ တစ်နေရာတွင် ရေနံယိုဖိတ်မှုဖြစ်ရပ် ပေါ်ပေါက်ခဲ့သည်။ ရီနာအမည်ရှိကုန်တင် သင်္ဘောသည် နယူးဇီလန်နိုင်ငံ မြောက်ကျွန်း ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ရှိ ကျောက်တန်းတစ်ခုနှင့် တိုက်မိကာ သောင်တင်ခဲ့သည်။

အောက်တိုဘာ ၅ ရက်က ကုန်တင်သင်္ဘောသောင်တင်မှု ပေါ်ပေါက်ခဲ့ပြီးနောက် လောင်စာတန်ချိန် ၃၅၀ အထိ ယိုဖိတ်မှုဖြစ်ပွားခဲ့သည်။

အဆိုပါကုန်သင်္ဘောသည် မုန်တိုင်းတိုက်ခတ်မှုဒဏ်ကို ထပ်မံခံစားခဲ့ရသဖြင့် ရေနံယိုဖိတ်မှုပြဿနာ ဆိုးရွားခဲ့ရသည်။

**အင်တာနက်။**

# ရွှေးကောက်ပွဲကန့်ကွက်လွှာ ပြင်ဆင်မှု အမှတ်(၁၃/၂၀၁၁) ရုံးထိုင်ကြားနာ

**နေပြည်တော် အောက်တိုဘာ ၁၁**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်အားလုံးသည် ရွေးကောက်ပွဲကန့်ကွက်လွှာပြင်ဆင်မှုအမှတ်(၁၃/၂၀၁၁)ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ရုံးထိုင်ကြားနာစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



# ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် စီမံကိန်းဆိုင်ရာရှင်းလင်းပွဲ တက်ရောက်

ရန်ကုန် အောက်တိုဘာ ၁၁

**စီမံကိန်းရေးဆွဲမှုဆိုင်ရာ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များ ရှင်းလင်းတင်ပြခြင်းနှင့် ပဲခူးတိုင်းဒေသကြီး၏ (၅)နှစ်စီမံကိန်း ပြန်လည်ဖြည့်စွက်ရေးဆွဲခြင်းအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဉာဏ်ဝင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကံဇော်နှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ တက်ရောက်ကြသည်။**

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် **(ယာပုံ)** က စီမံကိန်းများကို ရည်မှန်းချက်များ ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ရေး၊ ဥပဒေနှင့်အညီ စည်းကမ်းစနစ်တကျ လုပ်ဆောင်ရေး၊ ဆင်းရဲမှုလျှော့ချရေးအတွက် အစိုးရအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများ၊ ဒေသခံစီးပွားရေးလုပ်ငန်းရှင်များ၊ စေတနာရှင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာကံဇော်က တိုင်းဒေသကြီး၏ (၅)နှစ်စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပတ်သက်၍ ဆက်သွယ်ရာတွင် လုပ်ဆောင်ရမည့်အချက်အလက်များ၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဝင်းမြင့်က စီမံကိန်းဆိုင်ရာ ကိစ္စရပ်များနှင့် ဆင်းရဲမှုလျှော့ချရေးဆိုင်ရာကိစ္စရပ်များကို လည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှု ဦးစီးဌာန အကြံပေး ဒေါ်မြသူဇာက ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြပြီး တက်ရောက်လာကြသူများ၏ မေးမြန်းဆွေးနွေးမှုများကို ဒုတိယဝန်ကြီးက ပြန်လည်ဖြေကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားသည်။ (သတင်းစဉ်)







**မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ (၄/၂၀၁၁) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

# ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌနှင့် ဂျပန်အောက်လွှတ်တော်အမတ် တွေ့ဆုံ

**ရန်ကုန် အောက်တိုဘာ ၁၁**

ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Ryota Takeda ခေါင်းဆောင်သည့် စီးပွားရေးလုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့် ဗဟိုအလုပ်အမှုဆောင်များအား အောက်တိုဘာ ၅ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ရှိ အသင်းချုပ်ရုံး၌ လာရောက်တွေ့ဆုံသည်။

**တွေ့ဆုံဆွေးနွေး**

ယင်းသို့ တွေ့ဆုံရာတွင် နှစ်နိုင်ငံချစ်ကြည်ရေး တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စ၊ မြန်မာ-ဂျပန်/ဂျပန်-မြန်မာ ကုန်သည်များအသင်း စီးပွားရေး ပူးပေါင်းဆောင်ရွက်နိုင်မှု ကော်မတီအစည်းအဝေးကို ဒီဇင်ဘာလတွင် ရန်ကုန်မြို့၌ ကျင်းပရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်နှင့်အဖွဲ့အား ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် Mr. Ryota Takeda ခေါင်းဆောင်သည့် စီးပွားရေး လုပ်ငန်းရှင်များပါဝင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။** (သတင်းစဉ်)



# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ (၄/၂၀၁၁) အစည်းအဝေးကို ယနေ့မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အဆိုပါကော်မရှင်ရုံး၌ ကျင်းပရာ ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက အမှာစကားပြောကြားပြီး ကော်မရှင်ရုံး၌ လူ့အခွင့်အရေးနှင့် ပတ်သက်၍ ဌာန(၄)ခု၏ ဖွဲ့စည်းမှု၊ တိုင်ကြားစာများ စိစစ်ဆောင်ရွက်မှု၊ ဒေသတွင်း နိုင်ငံများနှင့် လူ့အခွင့်အရေးဆိုင်ရာကိစ္စရပ်များ ဆက်သွယ်ဆောင်ရွက်ရေးနှင့် တစ်နှစ်တာဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲချမှတ်ရေး ကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးကြသည်။

(သတင်းစဉ်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၀-၂၀၁၁ (ဗုဒ္ဓဟူးနေ့)**

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "အဘိဓမ္မာအခါတော်နေ့" တရားတော် [ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ]
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၄)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၆)**
- ၈း၅၀ မြတ်ဗုဒ္ဓ၏ဩဝါဒ ပါတိမောက်လာ မြတ်ပဝါရဏာ
- ၉း၁၀ Activities In The City (ဂီတစာဆိုမျိုးနွယ်ဆွေ၏ သေချာလို့ပြောတာပါ Vol.2 ဖြန့်ချိခြင်း)
- ၉း၃၀ အားကစားမြင်ကွင်းစုံ
- ၁၀း၀၀ စာအုပ်စာပေလူ့မိတ်ဆွေ (အိုကံကောင်းမှာလား စာအုပ်မိတ်ဆက်တင်ပြခြင်း)
- ၁၀း၂၅ ဓာတ်ပုံထဲမှအမှတ်တရများ (တွယ်တာ)
- ၁၀း၅၀ သန့်ရှင်းလတ်ဆတ်သော ဆီသန့်မှသည် ကျန်းမာရေးဆီသို့
- ၁၁း၂၅ အစဉ်အလာမပျက်ဆင်ယင်နွှဲ ရွှေကျင်မြို့၏ မီးမျှောပွဲ
- ၁၁း၃၀ လောကီလောကုတ္တရာ နှစ်ဖြာချမ်းသာ ဝိသာခါ
- ၁၁း၄၅ ပုဂံဒေသမှ မင်္ဂလာရှိသောအလှူနေ့
- ၁၂း၀၅ ဆင်းရဲနွမ်းပါးမှု ကင်းဝေးဖို့ သစ်မွှေးစိုက်ကြစို့
- ၁၂း၂၀ ဘဝများ (ရင်ပြင်တော်ဘေး တဲကလေး)
- ၁း၀၀ "အဘိဓမ္မာအခါတော်နေ့" တရားတော် [ဆရာတော်ဘဒ္ဒန္တ ဒေါက်တာစန္ဒာဝရာဘိဝံသ]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ စကားနပန်း (တောသူယူတာကောင်းတယ်) (မြို့သူယူတာကောင်းတယ်)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၄)**
- ၄း၁၅ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၆)**
- ၅း၁၅ Activities In The City (SWEETY HOME ထုတ်ကုန်နှင့်ပြည်ပသွင်းကုန် ပစ္စည်းမိတ်ဆက်ပွဲ)
- ၅း၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ သင်ကြားရေးလမ်းညွှန်(Gusto)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နွေးထွေးသောမေတ္တာ" (အပိုင်း-၁၅၅)**
- ၇း၂၀ Cartoon Show Time (The Hunchback of Notre Dame II)
- ၈း၀၀ MRTV-4 သတင်း
- ၈း၃၀ ရယ်စရာဖေးရှင်း (ဇာတ်ဆရာအလိုမကျ)
- ၈း၅၅ Celebrity Style (Bambino)
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မာယာမျဉ်းပြိုင်" (အပိုင်း-၉၇)**
- ၁၀း၂၀ Box Office Movies (X-Men First Class)
- ၁၀း၄၅ Industrial Talk
- ၁၁း၁၅ World of Knowledge (The learning Tower of Abu Dhabi)
- ၁၂း၀၀ မေတ္တာပန်းတို့မွေးပျံ့စေ (ပြည့်စုံအောင်၊ မိုးပြည့်ပြည့်မောင်၊ ဦးအောင်ကျော်၊ ချိုပြုံး) (ဒါရိုက်တာ-ဓာတ်ပုံရဲမြင့်လွင်)
- ၁၂း၂၀ အများမြင်စရာနှစ်ပါးသဘင်မဟာ (ရွှေမန်းသဘင်အဖွဲ့ တင်မောင်ဆန်းမင်းဝင်း) (အပိုင်း-၂)
- ၁း၀၅ အိုမင်းမှုရောဂါများနှင့် Antioxidant
- ၁း၂၀ ကိုယ်ပိုင်ဟန်ဖက်ရှင် (လက်ဆောင်ကတ်လေးပေးချင်ရင်)
- ၁း၄၅ မြေကြီးကရွှေသီးဖို့ ရေထိန်းသဘာဝဂျယ်ကိုသုံးကြစို့
- ၁း၅၅ အထင်
- ၂း၁၅ ရတနာရွှေသိုက်
- ၂း၂၅ အနုပညာနှင့် နည်းပညာ ပေါင်းစပ်ဖန်တီးထားတဲ့ ကမ္ဘာလေး
- ၂း၅၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၃း၅၅ သာယာလှပတောင်ပေါ် ညောင်ရွှေမှစမ်းသပ်အောင်မြင် ပူစွန်ကန်ရေပြင်
- ၄း၁၅ မြန်မာ့ရွှေချည်ထိုးပညာ
- ၄း၃၀ မေတ္တာသည်သာ တတ်စွမ်းနိုင်တာ
- ၄း၄၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
- ၅း၀၀ အစီအစဉ်ပြီး။

# ဖူးပွင့်ဝေစည်၊ ကြာငါးမည်၊ တူရာသီ၊ သီတင်းကျွတ်

## တင်ထွဋ် (အစိုးရတိုင်းရင်းဆေး)

သီတင်းကျွတ်လကို ဗေဒင်အခေါ်အားဖြင့် တူရာသီဟုခေါ်ခြင်း၊ အသဝနီနက္ခတ်သည် "စန်း"ဟုခေါ်သော လမင်းနှင့်အတူ ယှဉ်ပြိုင်ထွန်းပနေခြင်း၊ ရာသီပန်းများအနေဖြင့် ကြာဖြူ၊ ကြာနီ၊ ကြာညို၊ ကြာတံဆိပ် (ကြာပုဏ္ဍရိက်)၊ ကြာခေါင်းလောင်း (ပဒုမ္မာ)ဟူသော ကြာမျိုးငါးပါးတို့ဖြစ်ခြင်း၊ ရာသီပွဲအဖြစ် ဆီမီး မြင်းမိုရ်ပွဲ(ဝါ) တာဝတိံသာပွဲများ ကျင်းပလေ့ရှိခြင်း၊ နံနက် ၆ နာရီနေထွက်၍ ညနေ ၆ နာရီတွင် နေဝင်သဖြင့် နေ့တာနှင့် ညတာညီမျှသောလဖြစ်ခြင်း စသည်တို့ကို အကြောင်းပြုပြီး စာဆိုကင်းဝန်မင်းကြီးက **"သီတင်းကျွတ်ပြီ၊ တူရာသီ၊ အသဝနီ ရှိန်ဝါရွှန်း၊ ကြာမျိုးလည်းစို၊ မီးမြင်းမိုရ်၊ ဗဟိုရ်အချာထွန်း"**ဟု စပ်ဆိုခဲ့ပေသည်။

သီတင်းကျွတ်လသို့ ရောက်သောအခါ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများ၌ မိုးရွာသွန်းမှု အရှိန်လျော့သွားလေ့ရှိသော်လည်း မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် သဲသဲမဲမဲ မိုးရွာသွန်းလေ့ရှိပုံနှင့် ဝါကျွတ်ချိန် သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလဆန်းချိန်အတွင်း မိုးသဲသဲမဲမဲ ရွာသွန်းတတ်ပုံတို့ကို အကြောင်းပြု၍ (သာယာဝတီမင်း အောက်ပြည်သို့ စုန်ဆင်းကာ ဥက္ကလာပ၌ စံနေတော်မူခိုက် မိုးရွာသွန်းသည့် အချိန်အခါနှင့် တိုက်ဆိုင်သဖြင့် မင်း၏အမိန့်တော်အရ) မင်းထင်သက်ရှည် ရေးဖွဲ့သော ဥက္ကလာပမိုးဖွဲ့ လေးချိုးကြီးတွင် **"သင်တိုင်းငယ်လဲ့ယောင်၊ နီလာတောင်လို၊ သီခေါင်မိုးညွန့်၊ ဇွေရိုးဆီကွန့်ရင်လ၊ မယ်နွှန့်ကျွန်းပြည်၊ ကျိုက်ခေါက်ဆီမှာ၊ မြရည်လိုလို၊ ပန်းလို့သာညိုတော့၊ ဗိုလ်တစ်ထောင့်အမုန်တွင်၊ ဟိုဒေါပုံဆီက မဲပြန်လို့၊ စိန်ဖဲရံ စိန်လျှံလျှပ်ကယ်နှင့်၊ ဝန်းပတ်ခြံညီ။ ။ ဥက္ကလာငယ်၊ စံရာကွန်းပျောက်၊ ရွှေဥကင်ပေါက်ချိန်မှ၊ ထပ်လျှောက်ငယ်မဖြေ၊ ကဲတဲ့စေနှင့်၊ ဟေဝန်သမုတ်၊ ရံဝန်းချုပ်တဲ့၊ သိင်္ဂုတ်ကယ်ဆံချာ၊ စံခန်းဝါက၊ ဖြာဖြာသမိုက်၊ မီးရေဝိုက်လို့၊ အမြိုက်ကယ် စီးဝှန်၊ နတ်မန္တာသွန်လှချည့်၊ ဇွန်ဘေရီမူ၊ သံဟီဆော်ရွှမ်းလို့ တခြိမ့်ခြိမ့်"**ဟုလည်းကောင်း အသီးသီး စာပန်းချီခြယ်ခဲ့ကြပါသည်။

ထို့ပြင် သီတင်းကျွတ်လသည် တူရာသီဖြစ်ပြီး စန်းယှဉ်နက္ခတ်မှာ အသဝနီဖြစ်၍ ရာသီပန်းများမှာ ကြာငါးမျိုးတို့ဖြစ်ကြောင်း၊ ယင်းလတွင် မြင်းမိုရ်ပွဲများကျင်းပကြောင်း၊ သီတင်းကျွတ်လတွင် ရက်ရာဇာမှာ အင်္ဂါနေ့ဖြစ်၍ ပြဿဒါးမှာ တနင်္ဂနွေနေ့နှင့် တနင်္လာနေ့တို့ဖြစ်ကြောင်း၊ နေ့နှင့်ည နာရီသုံးဆယ်စီရှိပြီး နှစ်ဖဝါးအစွန်းထွက်၍ မွန်းတည့်ကြောင်း၊ သီတင်းကျွတ်လပြည့် ဝါကျွတ်သည့်နေ့တွင် မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး မယ်တော်မိနတ်သားကို အမှူးထား၍ အဘိဓမ္မာပဋ္ဌာန်းဒေသနာကို ဟောကြားတော်မူပြီးနောက် စောင်းတန်းကြီးသုံးသွယ်ဖြင့် သင်္ကဿနဂိုရ်ပြည်သို့ တာဝတိံသာနတ်ပြည်မှ ဆင်းသက်ကြွမြန်းတော်မူခဲ့ကြောင်းစသည့် သီတင်းကျွတ်လဆိုင်ရာ မှတ်သားဖွယ်ရာ မြန်မာမှုအဖြာဖြာတို့ကို ကြည်နူးစွာ မှတ်သားသိရှိနိုင်စေရန် ရှေးခေတ်စာဆိုတစ်ဦးက **"သံတူလမြတ်၊ သီတင်းကျွတ်၊ ဝါကျွတ်ဝေါဟာပြား။ တူရာသီဆို၊ မြတ်ကုသိုလ်၊ မြင်းမိုရ်မီးဖွဲ့ထား။ နက္ခတ်အသဝနီ၊ စန်းနှင့်မှီ၊ ငါးလီ ကြာမျိုးကြွား။ ရက်ရာဇာဆီ၊ မီးနှင့်ဆီ၊ နှစ်လီဝါဒခြား။ ပြဿဒါးတုန်၊ ရှောင်ကြကုန်၊ ဂဠုန်ဗျဿကျား။ နေ့ည နာရီ၊ သုံးဆယ်စီ၊ အညီရှိသကား။ မွန်းတည့်ချိန်ခါ၊ တိုင်းလေပါ၊ ဆာယာသုံးဖဝါး။ ဝတိံဇွေမှ၊ သင်္ကဿ၊ သက်ကြွတို့ဘုရား။"**ဟုလည်းကောင်း၊ အဆိုပါ မြတ်ဗုဒ္ဓကိုယ်တိုင် တာဝတိံသာနတ်ပြည်မှ ဆင်းသက်ကြွမြန်းလာချိန်၊ မီးမြင်းမိုရ်ပွဲ ကျင်းပချိန်၊ မိဘဘိုးဘွား၊ လူကြီးသူမများအား ကန်တော့ချိန်များ၌ မြင်တွေ့ရှုမောရသည့် လောကအလှများနှင့် စပ်လျဉ်းပြီး စာဆိုဖိုးသူတော်ဦးမင်းက ၎င်း၏ သဖြန့်ကဗျာလေးတွင် **"ကြာငါးမည် ကြိုင်သင်းလို့၊ လျှံဝင်းတဲ့ပြောင်ထိန်၊ ရွှေနန်းတောင်တော်ဦးမှာလ၊ ကွန့်မြူးမြင်းမိုရ်မီး၊ ညီးတဲ့ခါချိန်၊ ရှိဦးငယ်နှိမ်၊ သုံးကြိမ်ရိုပျောင်း။ သဏ္ဍာစွဂါရဝါနှင့်၊ စဉ်အလာပူဇော်ပွဲကို၊ နွဲကြပေတောင်း။"**ဟုလည်းကောင်း၊ မဟာအတုလမင်းကြီး လွမ်းချင်းတွင်လည်း **"လှိုင်လှိုင်သာသင်းတော့တယ်၊ ကန်မင်းငယ်နန္ဒာ၊ လျှံဝင်းငယ်ဖြာသည်၊ ပွင့်ရွှေကြာမြိုင်မြိုင်နှင့်၊ ကြိုင်ကြိုင်သင်းတဲ့ လကိုလေး။ တူရာသီဝယ်၊ အသဝနီကြယ်မြတ်၊ ကျီးမင်းသိရ်လဲ၊ ရောင်ရှိန်လျှပ်လို့၊ သုဒဿကယ်နန်းလို၊ မီးမြင်းမိုရ်နှင့်၊ ဆိုကင်းလွတ်၊ သီတင်းကျွတ်မို့၊ ဘုံထွတ်ကယ်ဥကင်၊ ဖွင့်စံပယ်ရွှင်သောအခါ၊ တိုင်းခွင်ကြီး အောင်ချာမှာ၊ ဆီမီးဝါထိန်ထိန်ဝင်းလို့၊ လင်းလှတယ်လေး။"** ဟု လည်းကောင်း အသီးသီး ဖွဲ့ဆိုထားကြပြန်ပါသည်။

မိုးနှောင်းကာလဖြစ်သော သီတင်းကျွတ်လ၏ ကောင်းကင် တစ်ခွင်ဝယ် တိမ်ပြာများအုံ့ဆိုင်းနေပုံ၊ နေရောင်ခြည်ကို မတွေ့မြင်ရသဖြင့် ပတ်ဝန်းကျင်တစ်ခွင်တစ်ပြင်လုံးမှောင်မည်းလျက် မိုးခြိမ်းသံများ မြည်ဟည်းနေပုံ၊ လပြည့်ညတွင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တာဝတိံသာနတ်ပြည်မှ ကြွမြန်းသက်ဆင်းတော်မူလာစဉ် ဆီမီးများဖြင့် ထွန်းညှိပူဇော်ကြပုံနှင့် ပိတုန်းကောင်ကလေးများက ကြာဝတ်ဆံများကို သယ်ယူနေကြပုံ စသည့် အခြင်းအရာတို့ကို စာဆိုစာရေးတော်ကြီး ဦးမောင်ကလေးက **"သန်နှောင်းသမိန် ချိန်ဝါသုံးလို့၊ တိမ်လုံးပြာအိကြွေချင့်ချင်၊ စိန်အုံးကာသိဇွေ သဉ်သဉ်မှာ၊ ကွေတဲ့သခင်ပွေရော့လား၊ မခန့်တရန့်ဖြန့်ကြီးမှောင်တယ်၊ ဟန့်ဆီးမမှောင်စည်မောင်းဆော် ချက်ကြွား။ ယုန်ငွေပွင့်နှင့် ကျီးမင်းနယ်ဝယ်၊ သဝဏ်ီ ကြွယ်ဆွယ်တကား။ မချီစဖွယ် သွယ်သွယ်များလို့၊ ဘယ်ဘယ်တန့်စားဖြေမပြို၊ ရှင်စောမုနိန်ဝတိံရပ်က၊ ဘူမိန်သက်သ်ဆင်းတဲ့ခါတခို။ သဘင်သီးသန့်မြှောက် ချီးပိုအောင်၊ ဆီမီးမြင်းမိုရ် ရွှေဆင်ပွဲနှင့်၊ ရွှင်မြဖိုမနူန်းတသိရ်၊ ပိတုန်းတောင်ယှက်လိမ်။ ပဒုမာတမွတ် ညှာညွတ်အိမ်မှာ၊ ကြာဝတ်သယ်ချိန် ကြည်နူးရန်ပလေး"** ဟု ပီပြင်စွာ စာပန်းချီရေးဖွဲ့ထားပြန်ပါသည်။

ဤလအခါသမယသည် မိုးရာသီကုန်ဆုံးတော့မည်ဖြစ်၍ မိုးရွာသွန်းမှု အားနည်းလာပြီး မိုးရာသီမကုန်ဆုံးသေးသော်လည်း နေရောင်ခြည်ဖြာစပြုလာပြီဖြစ်၍ ဥတုသာယာတော့မည့် ဆောင်းရာသီ၏ အရုဏ်ဦးချိန်ပင်ဖြစ်သည်။ ယင်းအချိန်တွင် **"ဝါဆိုကင်းလွတ် သီတင်းကျွတ်မို့"** ဆိုသည်နှင့်အညီ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ပညတ်တော်အရ ဝါဆိုလပြည့်ကျော် ၁ ရက်နေ့တွင် ပုရိမဝါဆိုတော်မူကြသည့် သံဃာတော်များမှာ ဤလ၏ လပြည့်နေ့တွင် ဝါဆိုသည့်ကာလ ကုန်ဆုံးသွားကြပြီဖြစ်သဖြင့် အရပ်တစ်ပါးသို့ ညဉ့်အိပ်ညဉ့်နေ ကြွချီတော်မူနိုင်ကြပြီဖြစ်သည်။ ဂေါတမဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၉ ခုနှစ် ဝါဆိုလပြည့်နေ့ညနေပိုင်း၌ သာဝတ္ထိပြည်အနီးရှိ ကဏ္ဍမ္ဗသရက်ဖြူပင်အနီးတွင် တိတ္ထိတို့ကို ရေ၊ မီး အစုံစုံ တန်ခိုးပြာဋိဟာ ပြသတော်မူခဲ့သည်။ ယင်းပြာဋိဟာပွဲကြီးအပြီးတွင် မယ်တော်မိနတ်သားအား အဘိဓမ္မာတရား ဟောကြားတော်မူခြင်းဖြင့် ကျေးဇူးဆပ်ရန်အတွက် ဂေါတမဘုရားရှင်သည် တာဝတိံသာနတ်ပြည်သို့ ကြွမြန်းတော်မူ၍ သတ္တမဝါကပ်တော်မူသည်။ ဗုဒ္ဓမြတ်စွာ တာဝတိံသာနတ်ပြည်သို့ရောက်ရှိပြီး သန္တုသိတမည်သော မယ်တော်မိနတ်သားအမှူးပြုသည့် စကြဝဠာပေါင်း တိုက်တစ်သောင်းတို့မှ နတ်၊ ဗြဟ္မာ ပရိသတ်တို့အား အဘိဓမ္မာတရားတော်မြတ်ကို ဝါတွင်းသုံးလပတ်လုံး နေ့ညမစဲ ဟောကြားတော်မူလေသည်။ ဘုရားရှင်၏ အဘိဓမ္မာ တရားဟောကြားခြင်းသည် ဝါတွင်းသုံးလမြောက်ဖြစ်သော သီတင်းကျွတ်လပြည့်နေ့၌ ပြီးဆုံးလေသည်။

ဗုဒ္ဓရှင်တော်ဘုရားရှင်သည် သိကြားမင်းအား သီတင်းကျွတ် လပြည့်နေ့၌ လူ့ပြည်သို့ပြန်ကြွမည်ဖြစ်ကြောင်း မိန့်ကြားတော်မူသည့်အခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း ဟူသော စောင်းတန်းသုံးသွယ်တို့ကို ဖန်ဆင်းပေး၏။ ထိုစောင်းတန်းသုံးသွယ်တို့၏ အခြေတို့ကား သင်္ကဿမြို့တံခါး၌ တည်ကုန်ပြီး စောင်းတန်းဦးများကား မြင်းမိုရ်တောင်ထိပ်၌ တည်ကြ၏။ ဗုဒ္ဓရှင်တော်မြတ်သည် ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် တင့်တယ်စွာ အလယ်ဗဟို၌ရှိသော ပတ္တမြားစောင်းတန်းဖြင့် ဆင်းသက်ကြွမြန်းပြီး နတ်အပေါင်းတို့က လက်ယာဘက် ရွှေစောင်းတန်းဖြင့်လည်းကောင်း၊ ဗြဟ္မာကြီးများက လက်ဝဲဘက် ငွေစောင်းတန်းဖြင့်လည်းကောင်း အသီးသီး ခြံရံလိုက်ပါ သက်ဆင်းလာကြ၏။

ပဥ္စသိခ်နတ်သားက သုံးဂါဝုတ် ပမာဏရှိသော ဗေဠုဝနတ်စောင်းကြီးကို လက်သံကုန်တီးခတ်လျက် ပူဇော်ကာ လက်ယာနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ မာတလိနတ်သားက နတ်၌ဖြစ်သော ပန်းနံ့သာအမွှေးအကြိုင်တို့ကို ကိုင်စွဲလျက် ဘုရားရှင်ကို ရှိခိုးပူဇော်ကာ လက်ဝဲနံပါးမှ သက်ဆင်းလိုက်ပါလာသည်။ သုယာမနတ်မင်းက စာမရီသားမြီးယပ်ကို ခတ်လျက်လည်းကောင်း၊ သန္တုသိတနတ်မင်းက ပတ္တမြားယပ်ဝန်းကို တလွဲ့လွဲ့ခတ်လျက်လည်းကောင်း၊ သိကြားမင်းက ဝိဇယုတ္တာခရုသင်းကို မှုတ်လျက် လည်းကောင်း လက်ယာဘက်မှပင် ပူဇော်ကာ သက်ဆင်း လိုက်ပါလာကြသည်။ ထို့နည်းတူ ကျန်စကြဝဠာတိုက်တို့၌ နေထိုင်ကြကုန်သောနတ်တို့သည်လည်း အမျိုးမျိုးသော ပူဇော်မှုကို ပြုကြလျက် သက်ဆင်းလိုက်ပါလာကြပြီး လက်ဝဲဘက် ငွေစောင်းတန်းမှလည်း သဟမ္ပတိဗြဟ္မာကြီးသည် ဗြဟ္မာထီးဖြူကြီးကို ဆောင်းမိုး၍ ပူဇော်ကာ သက်ဆင်းလိုက်ပါလာလေသည်။ ထိုအချိန်တွင် သာဝတ္ထိပြည်ရှိ ပရိသတ်အပေါင်းသည်လည်း သီတင်းကျွတ်လပြည့်၌ သင်္ကဿမြို့တံခါးသို့ မြတ်စွာဘုရားအား ဖူးမြော်ကြရန် ရောက်ရှိနေကြပြီဖြစ်သည်။ ဤသို့ မြတ်စွာဘုရားသည် နတ်ဗြဟ္မာအပေါင်းခြံရံလျက် တာဝတိံသာနတ်ပြည်မှ သက်ဆင်းတော်မူ၍ လူ့ပြည်သို့အရောက် စောင်းတန်းဦး၌ လက်ယာခြေတော်ကိုချမိလျှင်ပင် ဘုရားရှင်ကို တပည့်ကြီး ရှင်သာရိပုတ္တရာမထေရ်က ရှေးဦးစွာ ရှိခိုးပူဇော်ပြီး နောက်မှ ကျန်ပရိသတ်တို့က မြတ်စွာဘုရားကို ရှိခိုးဖူးမြော်ပူဇော်ကြလေသည်။ သင်္ကဿမြို့တံခါးဝ၌ စောင်းတန်းမှ ရှေးဦးပထမဆုံးလက်ယာခြေတော်ချရာအရပ်သည် နောင်သောအခါဝယ် **"အစလစေတိယဋ္ဌာန"**ဟူ၍ အမည်ထင်ရှားလေသည်။ ဤသို့ ရှင်သာရိပုတ္တရာ အမှူးပြုသော လူနတ်ဗြဟ္မာ သတ္တဝါပေါင်းစုံပါဝင်သည့် ပရိသတ်အပေါင်းက ဘုရားရှင်အား သောင်းသောင်းဖြဖြပူဇော်ပွဲကြီးကို ရည်မှန်း၍ သီတင်းကျွတ်လပြည့်နေ့ညအချိန်တွင် မီးပုံးများ၊ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ခဲ့ကြပေသည်။ ယင်းသို့ ဗုဒ္ဓမြတ်စွာ တာဝတိံသာမှ ဆင်းသက်ကြွချီတော်မူခဲ့သည်ကို အကြောင်းပြု၍ **"တာဝတိံသာပွဲတော်"**ဟု လည်းကောင်း၊ တာဝတိံသာနတ်ပြည် တည်ရှိရာ မြင်းမိုရ်တောင်ထိပ်မှ ဆင်းသက်တော်မူသည်ကို အကြောင်းပြု၍ **"မီးမြင်းမိုရ်ပွဲ"** ဟုလည်းကောင်း အသီးသီး ခေါ်ဝေါ်ကြပါသည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ကြီးနှင့် ပတ်သက်ပြီး သီတင်းကျွတ်လပြည့်နေ့၌ ဗုဒ္ဓမြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်မှ သင်္ကဿမြို့သို့ ကြွဆင်းလာပုံကို ပီပြင်စွာသရုပ်ဖော်ရေးဆွဲထားသော ပန်းချီကားကို ပုဂံရှိ မြင်းကပါ ဂူပြောက်ကြီးဘုရားတွင် တွေ့ရှိရပေသည်။ တစ်ဖန် အင်းဝခေတ်၌ ကျင်းပသော မီးမြင်းမိုရ်ပွဲအကြောင်းကို လောကဗျူဟာကျမ်းတွင် ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရမည်ဖြစ်ပြီး ကုန်းဘောင်ခေတ် အလယ်ပိုင်း၌ သီတင်းကျွတ်လ ဆီမီးထွန်းညှိပူဇော်ပုံကို ဘိုးတော်ဘုရားလက်ထက် ထင်ရှားသည့်စာဆိုတော်တစ်ဦးဖြစ်သည့် ဦးယာက **"ကြော်သဲ အုတ်အော်၊ ပူဇော်ဆီမီး၊ ညီးညီးဝင်းဝင်း၊ ထွန်းလင်းရောင်ရှိန်၊ အာလိန်ငါးဆင့်၊ ရွှန်းရွှန်းတင့်သား၊ နတ်မင်းစံရာ၊ ဝတိံသာသို့၊ လေးဖြာရောင်စို၊ မြင်းမိုရ်ပွဲကြီး"**ဟု လူးတားဖြင့် ရေးစပ်ခဲ့သည့်အပြင် ၎င်းကပင် ကုန်းဘောင်ခေတ်သားတို့အနေဖြင့် သီတင်းကျွတ်မီးထွန်းပွဲတော်၌ လှပစွာ ဝတ်စားဆင်ယင်ကြကာ မောင်မယ်စုံယှဉ်တွဲ၍ ဆင်နွှဲကြပုံကို **"သက်မျှကြင်သူ၊ ဆင်းရွှေအူနှင့်၊ အတူတကွ၊ မောင်ကတိုင်မြှောက်၊ မယ်ကဖောက်၍၊ နှစ်ယောက်စုံလင်၊ စွယ်တော်စင်တွင်း၊ ပန်းတင်ရေသွန်း၊ ဆုယူညွှန်းသည်၊ ပြောင်ရွှန်းဆီမီးတိုင်နှင့်လေး"**ဟူ၍ စပ်ဆိုခဲ့သည်။

သီတင်းကျွတ်လပြည့်နေ့သည် မြတ်စွာဘုရားရှင်က အဘိဓမ္မာတရားတော်ကို နတ်ပြည်၌ နတ်ဗြဟ္မာပရိသတ်တို့အား အကျယ်နည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ စန္ဒကူးတော၌ အရှင်သာရိပုတ္တရာအား အကျဉ်းနည်းဖြင့် ဟောကြားပြီးဆုံးသည့်နေ့ဖြစ်ခြင်း၊ တစ်ဖန် အရှင်သာရိပုတ္တရာက လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းငါးရာတို့အား မကျဉ်းမကျယ် အလယ်အလတ်နည်းဖြင့် သင်ကြားပို့ချခြင်း ပြီးဆုံးသည့် နေ့ဖြစ်ခြင်းတို့ကို ရည်ညွှန်း၍ **"အဘိဓမ္မာ အခါတော်နေ့"** အဖြစ် ကျင်းပခြင်းဖြစ်ပါသည်။

ယင်းအဘိဓမ္မာတရားတော်တွင်-

(၁) ကုသိုလ်၊ အကုသိုလ်စသောတရားတို့ကို အကျဉ်းချုပ်အားဖြင့် ပြဆိုဟောကြားတော်မူသော "ဓမ္မသင်္ဂဏီကျမ်း"၊
(၂) ခန္ဓာစသောတရားတို့ကို သုတ္တန်နည်း၊ အဘိဓမ္မာနည်းတို့ဖြင့် အမေးအဖြေပြုကာ အကျယ်တဝင့် ဝေဖန်ဟောကြားသော "ဝိဘင်းကျမ်း"၊
(၃) ဓာတ်အမျိုးမျိုးကို ဟောကြားသော "ဓာတုကထာကျမ်း"၊
(၄) ပုဂ္ဂိုလ်အမျိုးမျိုးတို့ကို ခွဲခြားသတ်မှတ်အမည်တပ်၍ ဟောကြားသော "ပုဂ္ဂလပညတ်ကျမ်း"၊
(၅) အယူဝါဒနှင့်ဆိုင်သော စကားတို့၏တည်ရာဖြစ်၍ အဘိဓမ္မာအနှစ်သာရတို့နှင့်ပြည့်စုံသော "ကထာဝတ္ထုကျမ်း"၊
(၆) အနုလုံနှင့် ပဋိလုံ၊ ပုစ္ဆာနှင့် ဝိသဇ္ဇနာ၊ သန္နိဋ္ဌာန်နှင့် သံသယအစုံစုံပြု၍ ဟောကြားသော "ယမိုက်ကျမ်း"၊
(၇) အကြောင်းအမျိုးမျိုးကိုလည်းကောင်း၊ ကုသိုလ်စသော တရားတို့ကို (၂၄)ပစ္စည်းတို့ဖြင့် လည်းကောင်း၊ ဝေဖန်ဟောကြားပြီး သဗ္ဗညုတဉာဏ်တော်၏ ကျက်စားရာဖြစ်သည့် "ပဋ္ဌာန်းကျမ်း"ဟူ၍ ခုနစ်ကျမ်း ရှိပါသည်။

အဆိုပါ အဘိဓမ္မာတရားတော်သည်-

(၁) မြတ်စွာဘုရားရှင်က သန္တုသိတမည်သော မယ်တော်မိနတ်သားအား ကျေးဇူးဆပ်သည့်အနေဖြင့် ဟောကြားတော်မူသော တရားဖြစ်ခြင်း၊
(၂) တာဝတိံသာနတ်ပြည်၌ ဟောကြားတော်မူသော တရားဖြစ်ခြင်း၊
(၃) မြတ်စွာဘုရားသည် ဝါတွင်းသုံးလပတ်လုံး ဟောကြားတော်မူခြင်း၊
(၄) ပကတိမြတ်စွာဘုရားနှင့် နိမ္မိတဘုရားရှင်တို့ တစ်လှည့်စီ ဟောကြားတော်မူခြင်းဟူသည့် ထူးခြားချက်လေးမျိုးနှင့် ပြည့်စုံပါသည်။ ထို့ပြင် အဘိဓမ္မာတရားတော်သည် ပါဠိ၏နက်နဲခြင်း၊ သဘောအဓိပ္ပာယ်၏ နက်နဲခြင်း၊ ဟောကြားပုံအစီအစဉ်၏ နက်နဲခြင်း၊ ဉာဏ်တော်၏ နက်နဲခြင်း ဟူသော ဂမ္ဘီရလေးမျိုးနှင့်လည်း ပြည့်စုံပါသည်။

အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော် သင်ကြားနာယူရခြင်းကြောင့်-

(၁) လင်းနို့သားဖြစ်ခဲ့ဖူးသော ရဟန်းတော်များကဲ့သို့ နာမရူပ ပရိစ္ဆေဒဉာဏ်ရင့်သန်စေခြင်း၊
(၂) မဂ်ဖိုလ်နိဗ္ဗာန်ရောက်ရန်လမ်းကြောင်း အထောက်အပံ့ကောင်းရနိုင်ခြင်း၊
(၃) ဘေးဥပဒ်အန္တရာယ် ကင်းဝေးစေခြင်း၊
(၄) ကျက်သရေမင်္ဂလာ အဖြာဖြာနှင့် ပြည့်စုံစေခြင်း စသည့် အကျိုးတရားများ ရရှိနိုင်ကြပေသည်။

ဤသီတင်းကျွတ်လပြည့်နေ့တွင် ရဟန်းသံဃာတော်များအနေဖြင့် ဘုရားရှင်၏ ဝိနည်းဒေသနာတော်အရ ပဝါရဏာပွဲတော် ကျင်းပကြသည်။ ပဝါရဏာဟူသည် ဖိတ်ကြားခြင်း၊ တောင်းပန်တိုက်တွန်းခြင်း အဓိပ္ပာယ်ရသည်။ ရဟန်းသံဃာတော်အချင်းချင်း အပြန်အလှန်ဖိတ်ကြားသည့် (ဝါ) တိုက်တွန်းတောင်းပန်ကြသည့်ပွဲ ဖြစ်လေသည်။ ပဝါရဏာပွဲတွင် သိက္ခာဝါအကြီးဆုံး မထေရ်ကြီးက-

"ငါ့ရှင်တို့၊ တပည့်တော်သည် သံဃာကို ဖိတ်ကြားပါ၏။ တပည့်တော်၏အပြစ်ကို မြင်သော်လည်းကောင်း၊ ကြားသော်လည်းကောင်း၊ သံသယရှိသော်လည်းကောင်း တပည့်တော်အား သနားသောအားဖြင့် ပြောဆိုသတိပေးကြပါ။ အပြစ်ကိုရှု၍ ကုစားပါမည်"ဟု သုံးကြိမ်တိုင်တိုင် သံဃာအားဖိတ်ကြားတိုက်တွန်းရ၏။ ထို့နောက် ထေရ်စဉ်၊ ဝါလိုက်သံဃာကုန်သည်အထိ သုံးကြိမ်စီ ရိုသေစွာဖိတ်ကြားကြရ၏။ ဖိတ်ကြားပြီးတိုင်း ကျန်သံဃာများက သာဓုသုံးကြိမ်ခေါ်ကြရ၏။ သံဃာအားလုံး ဖိတ်ကြားပြီးသည့်အခါ တစ်ခါတစ်ရံ အကြီးဆုံး သံဃာ့နာယက မထေရ်ကြီးက သံဃာများအား ဩဝါဒစကားမိန့်ကြားတော်မူလေ့ရှိပေသည်။ ဤသို့ ရဟန်းသံဃာတော်များအချင်းချင်း အပြန်အလှန် ဖိတ်ကြားတိုက်တွန်းသောပွဲကို ပဝါရဏာပွဲဟု ခေါ်ပါသည်။ သီတင်းကျွတ်လပြည့်နေ့သည် မြန်မာတို့အဖို့ ဝါကျွတ်ချိန်ခါဖြစ်ပြီး ထိုအချိန်တွင် မြန်မာမှုအစဉ်အလာအရ သက်ကြီးရွယ်အို၊ ဘိုးဘွားမိဘ၊ ဆရာသမားတို့အား ပူဇော်ကန်တော့လေ့ရှိကြပေသည်။ ယင်းသို့ ဝါကျွတ်ကန်တော့ပွဲကို မြန်မာမင်းများလက်ထက် နန်းတော်တွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြပုံကို စာဆိုဦးကြော့၏ သီတင်းကျွတ်လဖွဲ့ တေးထပ်တွင် **"ဆဒ္ဒန်နှိပိုင့် ညီလာခံသည်၊ သီဟာပျံဇွေမော့၊ ဒီပါလျှံကေလျှော့လို့၊ ရွှေကန်တော့ခံချိန်၊ ရတနာထီးစင်းကြို့၊ မီးမြင်းမိုရ်ညီးပျို့ထိန်ထိန်"** ဟု လည်းကောင်း။

ထိုသီတင်းကျွတ် သက်ကြီးပူဇော်ပွဲတွင် ပါဝင်ဆင်နွှဲလိုသော ဆန္ဒကြီးမားစွာဖြင့် ၎င်းပူဇော်ကန်တော့ပွဲအမီ မိမိဌာနေသို့ ပြန်လိုသောစိတ်များ ဖုံးလွှမ်းကာ ရပ်ဝေးတစ်နေရာမှ မှန်းဆတမ်းတ လွမ်းတသသဖြစ်ရရှာသူများကို အကြောင်းပြု၍ ရှေးစာဆိုတစ်ဦးက ၎င်း၏သီတင်းကျွတ်လဖွဲ့ ခွန်းထောက်တစ်ပုဒ်တွင် **"ဌာန်တော့်ဆီ၊ တကြော့ကလေးဆံကိုဖြီးလို့၊ ကန်တော့မီပြန်လိုက်စမ်းချင်လှ၊ နန်းမြို့ရိပ်ပေါင်းကိုလ၊ သော်တာ၊ မျှော်ပါ၊ ရောခါရမ်းရတယ်ရှင်၊ လွမ်းဖို့မိတ်ပေါင်း"** ဟု ရေးဖွဲ့ထားပြန်ပါသည်။

ဤသို့ထူးခြားမှုအဖုံဖုံ ဂုဏ်အမျိုးမျိုးတို့ဖြင့် ပြည့်စုံလှသည့် ဤသီတင်းကျွတ်လပြည့်နေ့၌ မြတ်ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးနောက် သင်္ကဿနဂိုရ်ပြည်သို့ ပြန်လည်ကြွမြန်းလာပုံ၊ လူတို့ကလည်း ဆီမီးများပူဇော်ထွန်းညှိ ကြိုဆိုကြပုံတို့ကို ရည်မှန်းကာမြတ်စွာဘုရား ဟောကြားတော်မူသည့် အဘိဓမ္မာတရားတော်ကို ရွတ်ဖတ်ပူဇော်သင်ကြားနာယူကြလျက် မြန်မာမှုအစဉ်အလာအရ သက်ကြီးရွယ်အို ဘိုးဘွားမိဘ ဆရာသမားတို့အား ပူဇော်ကန်တော့ကြခြင်းဖြင့် ဘေးဥပဒ်အန္တရာယ် ကင်းဝေးပြီး ကျက်သရေမင်္ဂလာအဖြာဖြာတို့ဖြင့် ပြည့်စုံကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါသတည်း။ ။



## အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားပေါက်သင်တန်း သင်တန်းသားခေါ်ယူ

**နေပြည်တော် အောက်တိုဘာ ၁၁**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန၏ ငါးမွေးမြူရေးတိုးတက်ဖွံ့ဖြိုးရေး ရည်ရွယ်ချက်ဖြင့် ငါးသားပေါက်နှင့် ငါးအသားတိုးမွေးမြူထုတ်လုပ်ခြင်း၊ ငါးနှင့်ရေချိုပုစွန် ပူးတွဲမွေးမြူခြင်း၊ ပုစွန်ဖြူမွေးမြူခြင်းနှင့် စီးပွားရေးအရ တွက်ခြေကိုက်မည့်ငါးအမျိုးအစားများမွေးမြူခြင်း၊ ငါးမွေးမြူရေးကန်ရေနှင့် မြေ အရည်အသွေးထိန်းသိမ်းခြင်း ဘာသာရပ်များ သင်ကြားပို့ချမည့် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားပေါက်သင်တန်း(၂/၂၀၁၁)ကို နိုဝင်ဘာလ ဒုတိယအပတ်မှစ၍ နှစ်ပတ်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်သည်။

သင်တန်းတက်ရောက်လိုသူ ပုဂ္ဂလိက၊ ကုမ္ပဏီနှင့် တပ်ရင်း/တပ်ဖွဲ့၊ ဌာနဆိုင်ရာများအနေဖြင့် ငါးလုပ်ငန်းဦးစီးဌာန (ရုံးချုပ်) မွေးမြူရေးဌာနခွဲ ဖုန်း-၀၁-၆၄၇၅၃၁ သို့ဖြစ်စေ၊ လှော်ကားငါးလုပ်ငန်းစခန်း (မင်္ဂလာဒုံ) ဖုန်း -၀၁-၆၃၅၁၉၆၊ ၀၉-၂၀၁၁၈၉၂ တို့သို့ဖြစ်စေ အောက်တိုဘာ ၂၈ ရက် နောက်ဆုံးထား၍ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**☆ ကျောဖုံးမှ**

(၅)နှစ် နှစ်တိုစီမံကိန်း ခြောက်ခုဖြင့် စီမံကိန်းလုပ်ငန်းစဉ်(၁၀)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ လုပ်ငန်းစဉ်(၁၀)ရပ်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်ချက်များကို ဆရာ၊ ဆရာမများအားလုံးက တိတိကျကျ လိုက်နာ ဆောင်ရွက်သွားကြရမည်ကိုလည်း ထပ်လောင်းမှာကြားလိုကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် လူတိုင်းအတွက် ပညာရေးရည်မှန်းချက် (၆)ရပ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း၊ လူတိုင်းအတွက် ပညာရေးရည်မှန်းချက်(၆)ရပ်နှင့် ထောင်စုနှစ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ၏ ရည်မှန်းချက်အမှတ်(၂)ဖြစ်သောအများစု မူလတန်းပညာရေး ရရှိရေးတို့ကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နှစ်စဉ် ကျင်းပလာခဲ့သော ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်များနှင့်အညီ စီးပွားရေး၊ လူမှုရေး၊ အသိပညာ၊ အတတ်ပညာ ပြန်လည်ထူထောင်နိုင်ရေး စွမ်းဆောင်မှုပြုရာတွင်လည်း ဆရာများကအစပြုပြီး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကာယဖွံ့ဖြိုးမှု ကာယအလှ၊ ဉာဏဖွံ့ဖြိုးမှု ဉာဏအလှ၊ စာရိတ္တဖွံ့ဖြိုးမှု စာရိတ္တအလှ၊ ရသဖွံ့ဖြိုးမှု ရသအလှ၊ အသက်မွေးဝမ်းကျောင်း ဖွံ့ဖြိုးမှု အသက်မွေးဝမ်းကျောင်းအလှ တည်းဟူသော ဘက်စုံဖွံ့ဖြိုးမှု ဘက်စုံအလှတို့နှင့် ပြည့်စုံအောင် ကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း၊ မေတ္တာ၊ ကရုဏာ၊မုဒိတာ၊ စေတနာ၊ ဝါသနာ၊ စာနာ၊ အနစ်နာတည်းဟူသော နာ(၇)နာသည် ဆရာကောင်းတို့၏ အခြေခံကောင်းများ၊ ဆရာ့ဂုဏ်အင်လက္ခဏာကောင်းများဖြစ်ကြောင်း၊ ဆရာ့ဂုဏ်အင်လက္ခဏာကောင်းတို့နှင့် ကုံလုံပြည့်စုံနေသမျှ ကာလပတ်လုံး ပညာဖြင့် အလှဆင်ပေးသူ ဆရာကောင်း၊ ဆရာမြတ် ဖြစ်နေကြမည်မှာ မလွဲဧကန်အမှန်ပင် ဖြစ်ပါကြောင်း၊ မိမိနိုင်ငံတော်၏ အခြေခံပညာကဏ္ဍ ပညာရေးတာဝန်များကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို အခြေခံပြီး စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)၌ ဖွင့်လှစ်သောအခြေခံပညာဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်းအမှတ်စဉ်(၄၃)သို့ သင်တန်းသား၊ သင်တန်းသူ အခြေခံပညာ ဆရာ၊ ဆရာမ ၁၅၀၃ ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးခင်ဇော် ရေဖြူမြို့ ပြည်သူ့ဆေးရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## ဒုတိယအကြိမ် လယ်ယာစိုက်ပျိုးစရိတ် တောင်သူများအား ပေးအပ်

**နေပြည်တော် အောက်တိုဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဘုတလင်မြို့နယ် အောင်ချမ်းသာ ကျေးရွာအုပ်စု အေးချမ်းသာ လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း၏ ဒုတိယအကြိမ် လယ်ယာစိုက်ပျိုးစရိတ်များ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းတွင် အောင်ချမ်းသာ ကျေးရွာအုပ်စု ကံသာစံပြကျေးရွာ၌ ကျင်းပရာ မြို့နယ်အသင်းစုဥက္ကဋ္ဌ ဦးချစ်သန်းက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်မြင့်က အေးချမ်းသာ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမ အသင်း ဥက္ကဋ္ဌ ဦးသန်းဌေးထံ လယ်ယာစိုက်ပျိုးစရိတ် ငွေကျပ်သိန်း ၃၀၀ ကို ပေးအပ်သည်။

အခမ်းအနားတွင် အေးချမ်းသာ လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်းမှ အသင်းသား တောင်သူ ၁၇၄ ဦးအား စိုက်ပျိုးစရိတ်ချေးငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ဧက ၁၀၀၀ အတွက် စုစုပေါင်း စိုက်ပျိုးစရိတ်ချေး ငွေကျပ်သိန်း ၃၀၀ ကို ထုတ်ချေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် အောက်တိုဘာ ၁၁

**တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးခင်ဇော်သည် အောက်တိုဘာ ၁၀ ရက် မွန်းလွဲပိုင်းတွင် ရေဖြူမြို့နယ် ပိန်းရှောင်ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းသို့ ရောက်ရှိပြီး ဆရာ၊ ဆရာမများနှင့်ကျောင်းသား၊ ကျောင်းသူများအား တွေ့ဆုံအမှာစကားပြောကြားသည်။**

ယင်းနောက် ရလိုင်ကျေးရွာရှိ ရလိုင်ရေထိန်းတံခါးသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေဖြူမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် တွေ့ဆုံပြီး ကျောင်းအတွက် ကွန်ပျူတာ နှစ်လုံး ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ရေဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားပြီး အခြေခံပညာ ကျောင်းနှစ်ကျောင်း တိုးချဲ့ဆောက်လုပ်ရန်အတွက် ဘီလပ်မြေအိတ် ၁၃၀ နှင့် သစ်တိုတောင့်ကျေးရွာစာကြည့်တိုက်နှင့် ပုဂေါ်ဇွန်းကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်၊ စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ရေဖြူမြို့ ပြည်သူ့ဆေးရုံသို့ သွားရောက်၍ ပြင်ပလူနာဌာန၊ ဆေးသိုလှောင်ခန်း၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး လူနာများအား ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**❖ ကျောက်ဆည်ဆင်မှ**

ဆင်ပြိုင်ပွဲဝင်ကြပြီး အကဲဖြတ်စင်မြင့်သုံးနေရာတွင် ပါဝင်ယှဉ်ပြိုင်ကြရသည်။ ကျောက်ဆည်မြို့မဈေးကြီးနှင့် မြို့တွင်းသို့လည်း လှည့်လည်ကပြဖျော်ဖြေကြသည်။ သီတင်းကျွတ်လပြည့်နေ့တွင် ဆွမ်းတော်ပွဲများ၊ ဆီမီးဖယောင်းတိုင်များ၊ ရွှေသင်္ကန်းများ၊ ရွှေဆင်ရုပ်များဖြင့် ရွှေသာလျောင်းတောင်ထိပ်သို့ အတီးအမှုတ် အကအခုန်များဖြင့် ပျော်ပျော်ပါးပါး တက်ရောက်ကြပြီး တောင်ထိပ်ရွှေသာလျောင်းစေတီသို့ရောက်လျှင် ဘုရားကို လက်ယာရစ်သုံးပတ်ပတ်ပြီး ဆွမ်းတော်ပွဲများနှင့်အတူ ဆင်ရုပ်များကို ရေစက်ချလှူဒါန်းကြမည်ဖြစ်သည်။ အနော်ရထာမင်းကြီးလက်ထက်တွင် သီတင်းကျွတ်လပြည့်နေ့တိုင်း ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် တပေါင်းလပွဲတော်ကျင်းပရန် ကလန်၊ သံပျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့ကြောင်း သိရသည်။ စွယ်တော်တင်သော ဆင်မယဉ်သာ(ဆင်ဖြူ)ကိုလည်း ငါကဲ့သို့ပင် အမှတ်တရ ဆင်ရုပ်တို့ဖြင့် လှူဒါန်းပူဇော် အမျှပေးဝေကြစေရန် အမိန့်ဌာန်ထားတော်မူခဲ့ရာ သီတင်းကျွတ်လတွင် ဆွမ်းတော်ကြီးကပ်ပွဲနှင့်အတူ ဆင်လှူပွဲတော်လုပ်ရခြင်း ဖြစ်သည်ဟု သိရသည်။ (၀၀၂)



## ဖလမ်း၌ သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းဆင်း

**နေပြည်တော် အောက်တိုဘာ ၁၁**

ချင်းပြည်နယ် ဆင်းရဲမှုလျှော့နည်းပပျောက်ရေး အထောက်အကူပြု သစ်သီးဝလံ အခြေခံစားသောက်ကုန် ထုတ်လုပ်နည်းသင်တန်းဆင်းပွဲကို အောက်တိုဘာ ၁၀ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဖလမ်းမြို့ အထက်တန်းရက်ကန်းကျောင်း သင်တန်းခန်းမ၌ကျင်းပရာ ဖလမ်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး သင်တန်းအောင်လက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

(သတင်းစဉ်)

## ရန်ကုန်တက္ကသိုလ် ဥပဒေကျောင်းသား၊ ကျောင်းသူများ မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကျင်းပမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

၁၉၉၀-၉၅ ခုနှစ် ရန်ကုန်တက္ကသိုလ် ဥပဒေပညာဌာန ကျောင်းသား၊ ကျောင်းသူများ၏ဒုတိယအကြိမ် မြတ်ဆရာပူဇော်ကန်တော့ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၁၈ ရက်(တနင်္ဂနွေနေ့)တွင် M3စားသောက်ဆိုင်တွင် ကျင်းပရန် စီစဉ်ထားပြီး ဖြစ်ပါသဖြင့် သူငယ်ချင်း ကျောင်းသား၊ ကျောင်းသူများ ဦးနွယ်ဦး ဖုန်း-၀၉-၇၃၁ ၁၅၄၅၀၊ ဦးလှဝေ ဖုန်း-၀၉-၇၃၂၀၃၂၆၀၊ ဦးကျော်စွာမြင့် ဖုန်း-၀၁-၂၄၀၂၉၉၊ ဒေါ်စန်းယုခိုင် ဖုန်း-၀၉-၂၀၁၄၅၃၆(မန္တလေး)၊ ဦးကျော်စိန်လွင် ဖုန်း-၀၉-၅၄၁၆၁၂၂၊ ဒေါ်နွယ်နွယ်စန်း ဖုန်း-၀၉-၂၀၁၂၄၉၇(မန္တလေး)၊ ဦးကျော်ထွေးအောင် ဖုန်း-၀၉-၅၁၇၉၈၈၆၊ ဒေါ်ပပခင် ဖုန်း-၀၉-၇၃၁၅၇၁၀၃၊ ဦးကျော်နိုင်ဦး ဖုန်း-၀၉-၇၃၀၈၀၄၉၀ နှင့် ဒေါ်ကျော့ကျော့လှိုင် ဖုန်း-၀၉-၅၀၄၉၆၈၃ တို့သို့ အမြန်ဆုံး ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

## နှစ်မြုပ်သင်္ဘောမှ မြန်မာသင်္ဘောသားများ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်

**ရန်ကုန် အောက်တိုဘာ ၁၁**

တရုတ်(တိုင်ပေ) သင်္ဘောနစ်မြုပ်မှုတွင် အသက်ရှင်ကျန်ရစ်ခဲ့သော မြန်မာသင်္ဘောသား ခြောက်ဦးသည် ယခုလ နှောင်းပိုင်းခန့်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာနိုင်မည်ဖြစ်ကြောင်း ၎င်းတို့နှင့်သက်ဆိုင်သည့် သင်္ဘောကုမ္ပဏီများ၏ ပြောကြားချက်အရ သိရသည်။

"တရုတ်(တိုင်ပေ)မှာ နစ်မြုပ်သွားတဲ့ Jui Hsing သင်္ဘောပေါ်မှာ မြန်မာသင်္ဘောသား ရှစ်ဦးပါသွားပါတယ်။ အဲ့ဒီထဲက နှစ်ဦးကတော့ သေဆုံးသွားခဲ့ပြီး ကျန်ခြောက်ဦးကို ကယ်ဆယ်နိုင်ခဲ့ပါတယ်။ အခု တရုတ်(တိုင်ပေ)က ဆေးရုံမှာ အန္တရာယ်ကင်းစွာ ရှိနေပါပြီ။ ပြန်လာဖို့ကတော့ သင်္ဘောမြုပ်တဲ့အထဲမှာ သူတို့ရဲ့ စာရွက်စာတမ်းတွေ ပါသွားတော့ ဟိုဘက်ကနေ လိုအပ်တဲ့ ပတ်(စ်)ပို့တွေ၊ စာရွက်စာတမ်းတွေပြုလုပ်ပြီးမှ ပြန်လာနိုင်မှာပါ။ ခြောက်ဦးစလုံး ဒီလမကုန်ခင် ပြန်ရောက်လာမှာပါ"ဟု ၎င်းသင်္ဘောသားများနှင့် သက်ဆိုင်သည့်ကုမ္ပဏီများမှ ယခုကိစ္စကို လိုက်လံတာဝန်ယူဆောင်ရွက်ပေးနေသူတစ်ဦးက ပြောကြားသည်။

"အခုကိစ္စမှာ သေဆုံးသွားတဲ့ သင်္ဘောသားနှစ်ယောက်အတွက် ရသင့်ရထိုက်တဲ့ဟာတွေ အမြန်ဆုံးရရှိနိုင်ဖို့အတွက်လည်း ဆောင်ရွက်ပေးရသလို ကံကောင်းထောက်မစွာနဲ့ အသက်ရှင်ကျန်ရစ်ခဲ့တဲ့ မြန်မာသင်္ဘောသား ခြောက်ယောက်ကို ကျန်းမာစွာနဲ့ အိမ်ကိုအမြန်ပြန်လာနိုင်ရေးအတွက်လည်း ဆောင်ရွက်ရပါတယ်။ ကျွန်တော်တို့ရဲ့ သက်ဆိုင်ရာဌာနကိုလည်း ဖြစ်စဉ်တွေကို အချိန်နဲ့ တစ်ပြေးညီ တင်ပြထားပါတယ်"ဟုလည်းကောင်း ဆက်လက်ပြောကြားသည်။

အဆိုပါ MV.Jui Hsing သင်္ဘောသည် သင်္ဘောသား ၂၁ ဦးဖြင့် အောက်တိုဘာ ၂ ရက်တွင် လမ်းခင်းကျောက် ၁၁၅၀၀ တန် တင်ဆောင်၍ ကီလောင်းဆိပ်ကမ်းမှ ဖူကျိယန်ပြည်နယ်သို့အသွားတွင် တိုင်ဖုန်းမုန်တိုင်းမိပြီး သောင်တင်၍ ခါးကျိုးကာ နစ်မြုပ်ခဲ့ပြီး မြန်မာသင်္ဘောသား နှစ်ဦးဖြစ်သည့် ကိုခင်မောင်ဆွေနှင့် ကိုအေးမြင့်အပါအဝင် ၁၀ ဦးသေဆုံးခဲ့ပြီး အခြားမြန်မာသင်္ဘောသား ခြောက်ဦးနှင့် အင်ဒိုနီးရှားသင်္ဘောသား ငါးဦးကို တရုတ်(တိုင်ပေ) ကမ်းခြေစောင့်အဖွဲ့မှ ကယ်တင်နိုင်ခဲ့ကြောင်း သိရသည်။ (၆၄၉)

## *နိုင်ငံတကာအနုပညာရပ်ဝန်း*

## နာမည်ကျော်ကြားလွန်း၍ ချစ်သူက စွန့်ခွာသွားရသူ ဟယ်ရီပေါ်တာမင်းသမီး

ဟယ်ရီပေါ်တာ ဇာတ်ကားများဖြင့် ကမ္ဘာကျော်မင်းသမီးတစ်ဦး ဖြစ်လာသူ ဗြိတိသျှငွေကြယ်ပွင့် အမ်မာဝပ်ဆန် **(ယာပုံ)**၏ ချစ်သူ ဖရန့်စစ်ဘိုယူလီက မင်းသမီး အမ်မာဝပ်ဆန်နှင့် သူ၏ ချစ်ဇာတ်လမ်းကို မိမိဘက်မှ အဆုံးသတ်ရပ်တန့်လိုက်ပြီဖြစ်ကြောင်း၊ အဓိက အကြောင်းရင်းမှာ အမ်မာဝပ်ဆန်းက နာမည်ကျော်ကြားလွန်းသည့် မင်းသမီး တစ်ဦးဖြစ်လာသည့်အတွက် မိမိ အနေဖြင့် စိတ်မချမ်းမသာဖြစ်ရပြီး စိတ်ဓာတ်ကျရခြင်းကြောင့် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။



ဗြိတိသျှရုပ်သံလိုင်း၏ Made in Chelsea အစီအစဉ်တွင် ပါဝင်တင်ဆက်နေသူ အသက်(၂၂)နှစ်အရွယ်ရှိ ဖရန့်စစ်ဘိုယူလီကို ဗြိတိသျှမဂ္ဂဇင်းတစ်စောင်က တွေ့ဆုံမေးမြန်းရာတွင် "ကျွန်တော်တို့ရဲ့ ချစ်ခရီးလမ်းတစ်လျှောက်မှာ အမှတ်ရစရာ ပုံရိပ်တွေ အများကြီးရှိခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော်ကလည်း ရည်မှန်းချက်ကြီးသူတစ်ယောက်ဆိုတော့ ကိုယ့်သမိုင်းကိုပဲ ရေးချင်ပါတယ်။ နာမည်ကျော်မင်းသမီးတစ်ဦးရဲ့ ချစ်သူဘဝကို မလိုလားပါဘူး။ ဒါကြောင့် သူ့ကို စွန့်လွှတ်ဖို့ ဆုံးဖြတ်ခဲ့ရတာပါ။ တကယ်တော့ အမ်မာ့ကို ကျွန်တော် နှစ်နှစ်ကာကာ ချစ်ခဲ့တာပါ။ အမ်မာဟာ အေးဆေးတည်ငြိမ်ပြီး စိတ်ဝင်စားစရာကောင်းတဲ့ မိန်းကလေးတစ်ဦးပါ" ဟု ဖွင့်ဟပြောကြားသည်။ ***အင်တာနက်။***

## ဂျပန်အေဂျင်စီနှင့် စာချုပ်သစ်ချုပ်ဆိုသည့် ဟန်ရိုဂျီး

ကိုရီးယားမင်းသမီး ဟန်ရိုဂျီးသည် ဂျပန်စီမံခန့်ခွဲမှု အေဂျင်စီတစ်ခုနှင့် သီးသန့်စာချုပ်တစ်ခု ချုပ်ဆိုသွားမည်ဖြစ်ကြောင်း သူမ၏အေဂျင်စီက ထုတ်ပြန်ကြေညာသည်။

ဟန်ရိုဂျီး၏ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက မင်းသမီးဟန်ရိုဂျီး**(ယာပုံ)** နှင့် ချုပ်ဆိုမည့် ဂျပန်အေဂျင်စီမှာ ဂျပန်နာမည်ကျော်မင်းသမီး အာရိုကိုဟီရိုဆူး၏ အနုပညာရေးရာများကို စီမံခန့်ခွဲပေးသည့် FlaMme အေဂျင်စီဖြစ်ပြီး မိမိတို့အေဂျင်စီနှစ်ခု တနင်္လာနေ့က တွေ့ဆုံဆွေးနွေးခဲ့ရာ စာချုပ်၏ နောက်ဆုံးအဆင့်သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

ဟန်ရိုဂျီးသည် ယခုလောလောဆယ် သူမ ပါဝင်သရုပ်ဆောင်ထားသည့် သမိုင်းနောက်ခံ ရုပ်သံဇာတ်လမ်းတွဲ Dong Yi-Jewel in the Crown ကို ဂျပန်နိုင်ငံတွင် အရောင်းမြှင့်တင်ရေး ပြုလုပ်လျက်ရှိပြီး ဂျပန်မီဒီယာများနှင့်လည်း တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။

ဟန်ရိုဂျီးသည် ၂၀၀၉ ခုနှစ်က Brilliant Legacy ရုပ်သံဇာတ်လမ်းတွဲ ပါဝင်သရုပ်ဆောင်ခဲ့ပြီး ကိုရီးယားနှင့် အာရှတစ်လွှားတွင် ရေပန်းစားသည့် ကိုရီးယားကြယ်တစ်ပွင့် ဖြစ်လာသူဖြစ်သည်။ မကြာသေးမီက (၁၆)ကြိမ်မြောက် ဘူဆန် နိုင်ငံတကာရုပ်ရှင်ပွဲတော်တွင်လည်း သူမ ပါဝင်သရုပ်ဆောင်ထားသည့် Always ရုပ်ရှင်ကားကို အရောင်းမြှင့်တင်ရေး ပြုလုပ်ခဲ့သည်။



***အင်တာနက်။***

***အောဝမ်းစိုး***

❖ ရှေ့ဖုံးမှ

(ခ) **အလုပ်ရှင်**ဆိုသည်မှာ လုပ်ငန်းတစ်ခုခုတွင် အလုပ်အကိုင်ဆိုင်ရာ သဘောတူညီချက်အရ နှစ်ဦးနှစ်ဖက် သဘောတူညီသော အခကြေးငွေဖြင့် အလုပ်သမားတစ်ဦးကို ဖြစ်စေ၊ အများကိုဖြစ်စေ ငှားရမ်းလုပ်ကိုင်၍ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း စီမံကွပ်ကဲအုပ်ချုပ်ပြီး အလုပ်သမားကို လုပ်ခပေးရန် တာဝန်ရှိသူကို ဆိုသည်။ ယင်းစကားရပ်များတွင် အလုပ်ရှင်၏ တရားဝင်စီမံခန့်ခွဲမှုဆိုင်ရာ ကိုယ်စားလှယ်လည်း အကျုံးဝင်သည်။

(ဂ) **လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့် ယင်းတို့၏ ထုတ်လုပ်မှုလုပ်ငန်း၊ ဆောက်လုပ်မှုလုပ်ငန်း၊ ပြုပြင်ပြောင်းလဲမှုလုပ်ငန်း၊ စက်မှုလက်မှုလုပ်ငန်း၊ သယ်ယူပို့ဆောင်မှုလုပ်ငန်း၊ ဝန်ဆောင်မှုလုပ်ငန်း သို့မဟုတ် အခြား အသက်မွေးဝမ်းကျောင်း အလုပ်တစ်ခုခုကိုဆိုသည်။ ယင်းစကားရပ်တွင် အစိုးရဌာနနှင့် အစိုးရအဖွဲ့အစည်းများလည်း ပါဝင်သည်။

(ဃ) **ဝန်ဆောင်မှုလုပ်ငန်း** ဆိုရာတွင် အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အများပြည်သူနှင့် သက်ဆိုင်ခြင်းမရှိသည့် ဝန်ဆောင်မှုလုပ်ငန်းများ ပါဝင်သည်။

(င) **အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အောက်ဖော်ပြပါ လုပ်ငန်းများကို ဆိုသည် -

(၁) သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊
(၂) ဆိပ်ကမ်းလုပ်ငန်းနှင့် ဆိပ်ကမ်းကုန်တင်ကုန်ချလုပ်ငန်း၊
(၃) စာတိုက်၊ တဲလက်စ် သို့မဟုတ် ဖက်(စ်)လုပ်ငန်း၊
(၄) သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဆိုင်ရာ လုပ်ငန်း၊
(၅) အများပြည်သူတို့အတွက် ရေနံ သို့မဟုတ် ရေနံထွက်ပစ္စည်း ဖြန့်ဖြူးသည့်လုပ်ငန်း၊
(၆) အညစ်အကြေးသိမ်းဆည်းရေး သို့မဟုတ် ကျန်းမာသန့်ရှင်းရေး လုပ်ငန်း၊
(၇) အများပြည်သူတို့အား လျှပ်စစ်ဓာတ်အား သို့မဟုတ် လောင်စာစွမ်းအင် ထုတ်လုပ်ပို့လွှတ်ဖြန့်ဖြူးသည့်လုပ်ငန်း၊
(၈) အများပြည်သူဆိုင်ရာ ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊
(၉) ပြည်ထောင်စုအစိုးရက အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဟု အခါအားလျော်စွာ သတ်မှတ်သည့်လုပ်ငန်း။

(စ) **အလုပ်ပိတ်ခြင်း** ဆိုသည်မှာ အလုပ်ရှင်၊ အလုပ်သမား အငြင်းပွားမှုတစ်ခုခုတွင် ညှိနှိုင်း၍မရနိုင်သည့် အခြေအနေ၌ အလုပ်ရှင်က လုပ်ငန်းတစ်ခုခု၏ အလုပ်လုပ်သောနေရာကို ယာယီပိတ်ခြင်း၊ အလုပ်ကို ခေတ္တရပ်ဆိုင်းထားခြင်း သို့မဟုတ် အလုပ်ခွင်ရှိ အလုပ်သမားများအား ဆက်လက်အလုပ်လုပ်ခွင့်မပြုခြင်းကို ဆိုသည်။

(ဆ) **သပိတ်မှောက်ခြင်း** ဆိုသည်မှာ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုတစ်ခုခုတွင် ညှိနှိုင်း၍မရနိုင်သည့်အခြေအနေ၌ လူမှုရေး သို့မဟုတ် အလုပ်အကိုင်ဆိုင်ရာကိစ္စများနှင့် စပ်လျဉ်း၍ အလုပ်သမားအချို့က ဖြစ်စေ၊ အားလုံးကဖြစ်စေ ဆုံးဖြတ်၍ အလုပ်ရပ်ဆိုင်းခြင်း၊ အလုပ်လုပ်ကိုင်ရန်ဖြစ်စေ၊ အလုပ်ဆက်လက်လုပ်ကိုင်ရန်ဖြစ်စေ ငြင်းဆန်ခြင်း၊ အလုပ်နှောင့်နှေးစေရန်ပြုလုပ်ခြင်း သို့မဟုတ် အလုပ်သမားအများစုသဘောတူညီမှုဖြင့် ထုတ်လုပ်မှုကိုဖြစ်စေ၊ ဝန်ဆောင်မှုကိုဖြစ်စေ ထိခိုက်ကျဆင်းစေသည့် စုပေါင်းလုပ်ဆောင်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် အလုပ်သမားများ၏ အသက် သို့မဟုတ် ကျန်းမာရေးအပေါ် ရုတ်တရက် ပြင်းထန်စွာ အန္တရာယ်ကျရောက်မည်ဟု ယုတ္တိတန်စွာ ယုံကြည်သည့်အကြောင်းကြောင့် လုပ်ငန်းခွင်မှ ထွက်ခွာသွားနိုင်သော ယင်းတို့၏ အခွင့်အရေးကို ကျင့်သုံးခြင်းမပါဝင်။

(ဇ) **အလုပ်သမားအဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော အခြေခံအလုပ်သမားအဖွဲ့အစည်း၊ မြို့နယ် အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့တို့ကို ဆိုသည်။

(ဈ) **အလုပ်အမှုဆောင်အဖွဲ့** ဆိုသည်မှာ အလုပ်သမားအဖွဲ့အစည်း အသီးသီး၏ အလုပ်အမှုဆောင်အဖွဲ့ကို ဆိုသည်။

(ည) **ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့** ဆိုသည်မှာ ဝါဏိဇ္ဇပဋိပက္ခအက်ဥပဒေအရ ဖွဲ့စည်းသော မြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့ကို ဆိုသည်။

(ဋ) **ရန်ပုံငွေ** ဆိုသည်မှာ အလုပ်သမားအဖွဲ့အစည်းတစ်ခုတွင် ဤဥပဒေအရ တည်ထောင်သော ရန်ပုံငွေကို ဆိုသည်။

## အခန်း(၂)
## အလုပ်သမားအဖွဲ့အစည်းများ ဖွဲ့စည်းခြင်း

၃။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုရှိ အလုပ်လုပ်ရန် ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေအသီးသီးရှိ သတ်မှတ်ထားသော အသက်အရွယ်ရှိသည့် အလုပ်သမားတိုင်းသည် -

(က) ယင်းတို့၏ ဆန္ဒအလျောက် အလုပ်သမားအဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်နှင့် အလုပ်သမားအဖွဲ့အစည်းမှ နုတ်ထွက်ခွင့်ရှိသည်။

(ခ) မိမိတို့နှင့်သက်ဆိုင်သည့် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် ဖွဲ့စည်းထားသည့် အလုပ်သမားအဖွဲ့အစည်းတစ်ခုတည်းတွင်သာ အဖွဲ့ဝင်အဖြစ် ပါဝင်ခွင့်ရှိသည်။

၄။ အလုပ်သမားများနှင့် အလုပ်ရှင်များ၏ အကျိုးကို ဆောင်ရွက်နိုင်ရန်အလို့ငှာ အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့်ကို ဖွဲ့စည်းရာတွင် -

(က) (၁) အခြေခံအလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် သက်ဆိုင်ရာလုပ်ငန်းတွင် အလုပ်လုပ်ကိုင်နေသည့် အလုပ်သမား အနည်းဆုံး ဦးရေ ၃၀ ဖြင့် ဖွဲ့စည်းနိုင်သည်။ အလုပ်သမားဦးရေ ၃၀ အောက်ရှိသော လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုဖြစ်ပါက လုပ်ငန်းသဘောသဘာဝ တူညီသောအခြားလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုတစ်ခုခုနှင့် ပူးပေါင်းဖွဲ့စည်းနိုင်သည်။

(၂) ယင်းသို့ဖွဲ့စည်းရာတွင် သက်ဆိုင်ရာလုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုရှိ စုစုပေါင်းအလုပ်သမားများ၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသူများက ထောက်ခံရမည်။

(ခ) မြို့နယ်အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် သက်ဆိုင်ရာမြို့နယ်အတွင်းရှိ အခြေခံအလုပ်သမားအဖွဲ့အစည်း စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(ဂ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းရှိ မြို့နယ် အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(ဃ) အလုပ်သမားအဖွဲ့ချုပ်ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမားအဖွဲ့အစည်းများက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

(င) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှု အမျိုးအစားအလိုက် ဖွဲ့စည်းထားသော အလုပ်သမားအဖွဲ့ချုပ် စုစုပေါင်း၏ ၂၀ ရာခိုင်နှုန်းအောက် မနည်းသော အလုပ်သမားအဖွဲ့ချုပ်များက ထောက်ခံလျှင် ဖွဲ့စည်းနိုင်သည်။

၅။ အလုပ်သမားအဖွဲ့အစည်းများသည် ကိုယ်ပိုင်အမည်၊ ကိုယ်ပိုင်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုနိုင်ခွင့်နှင့် တရားစွဲဆိုခံနိုင်ခွင့်ရှိစေရမည်။

၆။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်များသည် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော အဖွဲ့အစည်းများ သို့မဟုတ် အခြားအလုပ်သမားအဖွဲ့ချုပ်များနှင့် လည်းကောင်း၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် လည်းကောင်း၊ ပြည်ပနိုင်ငံတစ်ခုခု၏ အလုပ်သမားအဖွဲ့ချုပ်များနှင့် လည်းကောင်း အပြန်အလှန်ဆက်သွယ်ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်များနှင့်လည်း ပေါင်းစည်းဆက်သွယ် ဆောင်ရွက်နိုင်သည်။

၇။ (က) အခြေခံအလုပ်သမားအဖွဲ့အစည်းများ၏ အလုပ်အမှုဆောင်အဖွဲ့ကို အဖွဲ့ဝင်အနည်းဆုံး ငါးဦးနှင့် အထက် "မ" ဂဏန်းအရေအတွက်ဖြင့် ရွေးချယ်ဖွဲ့စည်းရမည်။

(ခ) မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အလုပ်သမားအဖွဲ့အစည်းနှင့် အလုပ်သမားအဖွဲ့ချုပ်တို့ကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး ခုနစ်ဦးမှ အများဆုံး ၁၅ ဦးအထိ ရှိသော "မ" ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

(ဂ) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ကို အလုပ်အမှုဆောင်အဖွဲ့ဝင် အနည်းဆုံး ၁၅ ဦးမှ အများဆုံး ၃၅ ဦးအထိ ရှိသော "မ" ဂဏန်းအရေအတွက်ဖြင့် ဖွဲ့စည်းရမည်။

၈။ အလုပ်ရှင်များသည် အလုပ်ရှင်အဖွဲ့အစည်းများကို ဤဥပဒေအရ အပြိုင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၃)
## မှတ်ပုံတင်ခြင်း

၉။ (က) မှတ်ပုံတင်အရာရှိချုပ်သည် နိုင်ငံတော်သမ္မတက တာဝန်ပေးအပ်သူဖြစ်ရမည်။

(ခ) မြို့နယ်မှတ်ပုံတင်အရာရှိသည် မှတ်ပုံတင်အရာရှိချုပ်က တာဝန်ပေးအပ်သူဖြစ်ရမည်။

၁၀။ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းသည် မိမိအဖွဲ့အစည်းနှင့် လိုက်လျောညီထွေဖြစ်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အောက်ပါအချက်များ ပါဝင်သည့် အလုပ်သမားအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို အဖွဲ့အစည်းဝင်အများစု၏ သဘောတူညီချက်ဖြင့် ရေးဆွဲရမည်-

(က) အလုပ်သမားအဖွဲ့အစည်းအမည်၊
(ခ) အလုပ်သမားအဖွဲ့အစည်း ထူထောင်ခြင်း၏ ရည်ရွယ်ချက်၊
(ဂ) အလုပ်သမားအဖွဲ့အစည်းဝင်အဖြစ် စိစစ်ခြင်း၊ ဝင်ခွင့်ပြုခြင်း၊ အသိအမှတ်ပြု လက်မှတ်ထုတ်ပေးခြင်းနှင့် အလုပ်သမားအဖွဲ့အစည်းဝင်အဖြစ်မှ နုတ်ထွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊
(ဃ) အလုပ်အမှုဆောင်အဖွဲ့ဝင်များ ရွေးချယ်တာဝန်ပေးခြင်း၊ တာဝန်မှ ဖယ်ရှားခြင်းနှင့် နုတ်ထွက်ခြင်းဆိုင်ရာကိစ္စရပ်များ၊
(င) အစည်းအဝေးကျင်းပခြင်းဆိုင်ရာကိစ္စရပ်များ၊
(စ) ရန်ပုံငွေထူထောင်ခြင်း၊ ယင်းရန်ပုံငွေအား ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းဆိုင်ရာ ကိစ္စရပ်များ၊
(ဆ) ရန်ပုံငွေကို လစဉ်စစ်ဆေးခြင်းနှင့် နှစ်စဉ်စစ်ဆေးခြင်းဆိုင်ရာ ကိစ္စရပ်များ။

၁၁။ (က) မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်တို့မှအပ အလုပ်သမားအဖွဲ့အစည်းတစ်ခုခု၏ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်အရာရှိထံ မိမိအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို ပူးတွဲလျက် သတ်မှတ်ချက်နှင့်အညီ တင်ပြပြီး လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ရမည်။

(ခ) ပုဒ်မခွဲ(က)အရ မှတ်ပုံတင်ရာတွင် အခြေခံအလုပ်သမားအဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း တည်ထောင်သည့် အဖွဲ့ဝင်များက လည်းကောင်း၊ မြို့နယ်အလုပ်သမားအဖွဲ့အစည်းနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်းတို့ဖြစ်ပါက သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များက လည်းကောင်း သက်ဆိုင်ရာ ဖွဲ့စည်းပုံစည်းမျဉ်းကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့်ပုံစံ ပူးတွဲပါရှိရမည်။

၁၂။ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်တစ်ခုခု၏ အလုပ်အမှုဆောင်အဖွဲ့သည် မှတ်ပုံတင်အရာရှိချုပ်ထံ မိမိအလုပ်သမားအဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းကို သတ်မှတ်ချက်နှင့်အညီ တင်ပြပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် အလုပ်သမားအဖွဲ့ချုပ်အဖြစ် မှတ်ပုံတင်ရမည်။ ယင်းသို့ မှတ်ပုံတင်ရာတွင် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ အလုပ်အမှုဆောင်အဖွဲ့ဝင်များက ဖွဲ့စည်းပုံစည်းမျဉ်းကို သဘောတူကြောင်း လက်မှတ်ရေးထိုးထားသည့်ပုံစံ ပူးတွဲပါရှိရမည်။

## အခန်း(၄)
## အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များ

၁၃။ အလုပ်အမှုဆောင်အဖွဲ့သည် သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်း၏ ရန်ပုံငွေကို ထိန်းသိမ်းရမည်။

၁၄။ အလုပ်အမှုဆောင်အဖွဲ့သည် လစဉ်ကောက်ခံရရှိသော ရန်ပုံငွေများ၊ အခြား ရန်ပုံငွေများနှင့် အသုံးစာရင်းများအတွက် လချုပ်ငွေစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းများ ပြုစုထားရှိရမည့်အပြင် နှစ်စဉ် ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါတိုင်း အလုပ်သမားအဖွဲ့အစည်း၏ နှစ်ချုပ်ငွေစာရင်းကို သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်အရာရှိထံသို့ လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်တို့၏ နှစ်ချုပ်ငွေစာရင်းကို မှတ်ပုံတင်အရာရှိချုပ်ထံသို့လည်းကောင်း မပျက်မကွက် ပေးပို့ရမည်။

၁၅။ လုပ်ငန်း သို့မဟုတ် လုပ်ဆောင်မှုအမျိုးအစားအလိုက် မှတ်ပုံတင်ထားပြီးဖြစ်သော အလုပ်သမားအဖွဲ့အစည်း တစ်ခုနှင့်တစ်ခု ပူးပေါင်းခြင်း သို့မဟုတ် ပူးပေါင်းထားသော အလုပ်သမားအဖွဲ့အစည်းမှ ပြန်လည်ခွဲထွက်ခြင်း ပြုလုပ်လိုပါက အလုပ်သမားအဖွဲ့အစည်းများ၏ စည်းမျဉ်းများနှင့်အညီ သက်ဆိုင်ရာအလုပ်အမှုဆောင်အဖွဲ့ဝင်အများစု၏ သဘောတူညီချက်ဖြင့် သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်အရာရှိထံ လျှောက်ထားရမည်။

၁၆။ အလုပ်အမှုဆောင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) အလုပ်သမားများကို ကိုယ်စားပြုရန်၊
(ခ) အလုပ်သမားများ၏အခွင့်အရေးများနှင့် အကျိုးစီးပွားများကို ကာကွယ်သည့် ဆောင်ရွက်မှုများ လုပ်ကိုင်ရန်၊
(ဂ) အလုပ်သမားများ၏ လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်၊
(ဃ) ကုန်ထုတ်စွမ်းအား ဖွံ့ဖြိုးတိုးတက်စေရေးကို အထောက်အကူပြုသည့် အရည်အချင်းမြင့် အလုပ်သမားများ ပေါ်ပေါက်လာစေရေးအတွက် လုပ်ငန်းခွင်သင်တန်းများနှင့် ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်ရန်၊
(င) သမဝါယမ၊ အိမ်ရာ၊ သက်သာချောင်ချိရေးနှင့် အလားတူရည်ရွယ်ချက်များ ပါဝင်သော အလုပ်သမားအဖွဲ့အစည်းနှင့် ၎င်း၏အဖွဲ့ဝင်များ အကျိုးရှိစေမည့် လုပ်ငန်းအားလုံးကိုဆောင်ရွက်ရန်။

## အခန်း(၅)
## အလုပ်သမားအဖွဲ့အစည်း၏ အခွင့်အရေးနှင့်တာဝန်များ

၁၇။ အလုပ်သမားအဖွဲ့အစည်းများသည် ယင်းတို့နှင့်သက်ဆိုင်သော ဖွဲ့စည်းပုံစည်းမျဉ်းကို ရေးဆွဲရာတွင်လည်းကောင်း၊ ယင်းကိုယ်စားလှယ်များကို ရွေးချယ်ရာတွင်လည်းကောင်း၊ ယင်းတို့၏ စီမံခန့်ခွဲမှုနှင့် လုပ်ငန်းဆောင်တာများကို ဆောင်ရွက်ရာတွင်လည်းကောင်း၊ ယင်းတို့၏ အစီအစဉ်များ ရေးဆွဲချမှတ်ရာတွင် လည်းကောင်း လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိစေရမည်။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဆိုင်ရာဥပဒေများပါ အခွင့်အရေးများကို အလုပ်သမားများ ရရှိခံစားနိုင်ခြင်း မရှိပါက အလုပ်ရှင်နှင့် ညှိနှိုင်းဖြေရှင်းဆောင်ရွက်ခွင့်ရှိပြီး သဘောတူညီချက်မရရှိခဲ့လျှင် သက်ဆိုင်ရာဥပဒေနှင့်အညီ အလုပ်ရှင်ထံ တောင်းဆိုခွင့်ရှိသည်။

၁၈။ အလုပ်ရှင်က အလုပ်သမားတစ်ဦးဦးအား အလုပ်မှ ထုတ်ပယ်ရာတွင် ထိုသို့ အလုပ်မှ ထုတ်ပယ်သောအကြောင်းရင်းများသည် အလုပ်သမားအဖွဲ့အစည်းဝင်ဖြစ်မှု သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းတွင် လုပ်ဆောင်မှုနှင့် သက်ဆိုင်လျှင်ဖြစ်စေ၊ အလုပ်သမားဥပဒေများနှင့် ညီညွတ်မှုမရှိဟုယုံကြည်ရန်အကြောင်းရှိလျှင်ဖြစ်စေ အလုပ်သမားအဖွဲ့အစည်းသည် ထိုအလုပ်သမားအား အလုပ်ပြန်လည်ခန့်ထားပေးရန် သက်ဆိုင်ရာအလုပ်ရှင်အား တောင်းဆိုခွင့်ရှိသည်။

၁၉။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမားအငြင်းပွားမှုကို ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့က ဖြေရှင်းရာတွင် အလုပ်သမားကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။ အလားတူ အဆင့်ဆင့်သော အလုပ်သမားအဖွဲ့အစည်းများ၏ ကိုယ်စားလှယ်များ ပါဝင်ဖွဲ့စည်းထားသည့် ဖျန်ဖြေရေးခုံရုံးများသို့လည်း ကိုယ်စားလှယ်များ စေလွှတ်ခွင့်ရှိသည်။

၂၀။ အလုပ်သမားဥပဒေများပါ အလုပ်သမားအခွင့်အရေး သို့မဟုတ် အကျိုးစီးပွားများနှင့် စပ်လျဉ်း၍ အစိုးရ၊ အလုပ်ရှင်နှင့် တောင်းဆိုသူအလုပ်သမားတို့ ဆွေးနွေးရာတွင် အလုပ်သမားအဖွဲ့အစည်း၏ ကိုယ်စားလှယ်များလည်း ပါဝင်ဆွေးနွေးခွင့်ရှိသည်။

၂၁။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်သမားဥပဒေများနှင့်အညီ အလုပ်သမားများ၏ စုပေါင်းအရေးဆိုမှုများကို ဖြေရှင်းရာတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိသည်။

၂၂။ အလုပ်သမားအဖွဲ့အစည်းများသည် အစည်းအဝေးများပြုလုပ်ခြင်း၊ သပိတ်မှောက်ခြင်းနှင့် စုပေါင်းအရေးဆိုခြင်းတို့ကို ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်က ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်အညီ ငြိမ်းချမ်းစွာ ဆောင်ရွက်ရမည်။

၂၃။ အလုပ်သမားအဖွဲ့အစည်းများသည် အလုပ်ရှင်နှင့် အလုပ်သမားများအကြား လုပ်ငန်းများ၏ စီမံခန့်ခွဲရေးပိုင်းဆိုင်ရာ သဘောတူညီချက်များ၊ တစ်ဦးချင်း အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူညီချက်စာချုပ်များ၊ ကတိဝန်ခံချက်များနှင့် အခြားတစ်ဦးချင်း သဘောတူညီချက်များပြုလုပ်ရာတွင် ကူညီဆောင်ရွက်ပေးရမည်။

## အခန်း(၆)
## ရန်ပုံငွေထူထောင်ခြင်းနှင့် သုံးစွဲခြင်း

၂၄။ အလုပ်သမားအဖွဲ့အစည်းအသီးသီးသည် ရန်ပုံငွေတစ်ရပ်စီကို သီးခြားထူထောင်ခွင့်ရှိသည်။

၂၅။ အလုပ်သမားအဖွဲ့အစည်းများသည်-

(က) မိမိတို့အဖွဲ့အစည်း၏ ဖွဲ့စည်းပုံစည်းမျဉ်းပါအတိုင်း အလုပ်သမားအဖွဲ့အစည်း ဝင်ကြေး၊ အဖွဲ့အစည်းဝင် အလုပ်သမားရရှိသည့် လုပ်ခလစာ၏ နှစ်ရာခိုင်နှုန်းထက်မများသော လစဉ်ထည့်ဝင်ကြေး၊ အလုပ်သမားအဖွဲ့အစည်းများက တာဝန်ယူလုပ်ကိုင်သော ယဉ်ကျေးမှုနှင့် အားကစားလုပ်ငန်းများမှ ဝင်ငွေ၊ သက်ဆိုင်ရာ အလုပ်ရှင်က လှူဒါန်းသော ငွေတို့ဖြင့် ရန်ပုံငွေထူထောင်ခွင့်ရှိသည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့က ပေးအပ်သော ကူညီထောက်ပံ့မှုများတွင် ငွေကြေးပါဝင်ပါက ယင်းကို ရန်ပုံငွေထဲသို့ ထည့်သွင်းရမည်။

(ဂ) တရားမဝင်သောနည်းလမ်းဖြင့် ရရှိသောငွေကြေးနှင့် ပစ္စည်းများထိန်းချုပ်ရေးဥပဒေပါပြဋ္ဌာန်းချက်များအား လိုက်နာရမည်။

၂၆။ အခြေခံအလုပ်သမားအဖွဲ့အစည်းများသည် အဖွဲ့အစည်းဝင် အလုပ်သမားရရှိသည့် လုပ်ခလစာ၏ နှစ်ရာခိုင်နှုန်းထက်မများသော လစဉ်ထည့်ဝင်ကြေးကို မြို့နယ်အလုပ်သမားအဖွဲ့အစည်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အလုပ်သမားအဖွဲ့အစည်း၊ အလုပ်သမားအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့သို့ သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်က သတ်မှတ်ပေးသည့်အတိုင်း ခွဲဝေပေးရမည်။

၂၇။ အလုပ်သမားအဖွဲ့အစည်းများ၏ ရန်ပုံငွေကို ယင်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းများတွင် ဖော်ပြထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်း စသည့် ကိစ္စရပ်များနှင့် ယင်းကိစ္စရပ်များအတွက် ရည်ရွယ်ခေါ်ယူကျင်းပသော အဆိုပါအလုပ်သမားအဖွဲ့အစည်း၏ အထွေထွေအစည်းအဝေးတွင် အဖွဲ့ဝင်အများစုက အတည်ပြုချမှတ်ထားသည့် ကိစ္စရပ်

များတွင်သာ သုံးစွဲရမည်။

၂၈။ သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့သည် မိမိအဖွဲ့အစည်း၏ ရန်ပုံငွေကို မြန်မာနိုင်ငံအတွင်းရှိ ဘဏ်တစ်ခုခုတွင် ဘဏ်စာရင်းဖွင့်လှစ်ထားရှိရမည်။

**အခန်း(၇)**
**အလုပ်ရှင်၏တာဝန်များ**

၂၉။ အလုပ်ရှင်သည် မိမိလုပ်ငန်း၏ အလုပ်သမားအဖွဲ့အစည်းများကို အလုပ်သမားများအား ကိုယ်စားပြုသည့် အဖွဲ့အစည်းများအဖြစ် အသိအမှတ်ပြုရမည်။

၃၀။ အလုပ်ရှင်သည် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့၏ ထောက်ခံချက်ဖြင့် တာဝန်တစ်ခုခု ပေးအပ်ခြင်းခံရသော အလုပ်အမှုဆောင်အဖွဲ့ဝင်တစ်ဦးအား အခြားနည်း သဘောတူညီထားသည်မှအပ ယင်းတာဝန်ကို ထမ်းဆောင်ရန် တစ်လလျှင် နှစ်ရက်ထက်မပိုစေဘဲ ခွင့်ပြုရမည်။ ယင်းကာလကို မိမိလုပ်ငန်းရှိ မူလတာဝန်ကို ထမ်းဆောင်နေသကဲ့သို့ မှတ်ယူရမည်။

၃၁။ အလုပ်ရှင်သည် အလုပ်သမားအဖွဲ့အစည်းများက မိမိတို့အလုပ်သမားများ၏ အကျိုးအတွက် အကူအညီများ တောင်းခံလာလျှင် တတ်နိုင်သရွေ့ အကူအညီပေးရမည်။ သို့ရာတွင် အလုပ်ရှင်သည် ငွေကြေး သို့မဟုတ် အခြားနည်းဖြင့် ယင်း၏လွှမ်းမိုးမှု သို့မဟုတ် ထိန်းချုပ်မှုဖြင့် အလုပ်သမားအဖွဲ့အစည်းများ တည်ထောင်ခြင်း သို့မဟုတ် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ခြင်းပြုရန် ရည်ရွယ်သည့် မည်သည့်လုပ်ဆောင်ချက်ကိုမျှ မပြုလုပ်ရ။

**အခန်း(၈)**
**မှတ်ပုံတင်အရာရှိချုပ်၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၃၂။ မှတ်ပုံတင်အရာရှိချုပ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) မြို့နယ်မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ခြင်း၊
(ခ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်နှင့် စပ်လျဉ်း၍ မြို့နယ်မှတ်ပုံတင်အရာရှိ၏ စိစစ်တင်ပြချက်ကို အဆုံးအဖြတ်ပေးခြင်း၊
(ဂ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားလာလျှင် လျှောက်ထားမှုကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း မှတ်ပုံတင်ခြင်းနှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း၊
(ဃ) လိမ်လည်၍သော်လည်းကောင်း၊ မှားယွင်း၍သော်လည်းကောင်း အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခဲ့လျှင်ဖြစ်စေ၊ အလုပ်သမားအဖွဲ့အစည်းအဖြစ် ဆောင်ရွက်ရန်မဟုတ်ဘဲ အခြားရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ရန် မှတ်ပုံတင်ခဲ့လျှင်ဖြစ်စေ အလုပ်သမားအဖွဲ့အစည်းတစ်ခုအား မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ရေးအတွက် တရားစွဲဆိုရန် သက်ဆိုင်ရာ မြို့နယ်မှတ်ပုံတင်အရာရှိအား ညွှန်ကြားခြင်း၊
(င) အလုပ်သမားအဖွဲ့အစည်း၏ ၁၀ ရာခိုင်နှုန်းအောက် မနည်းသော ပေါင်းစည်းဆက်သွယ်ထားသည့် အလုပ်သမားအဖွဲ့အစည်းများက တောင်းဆိုလျှင် မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့နှင့် အလုပ်သမားအဖွဲ့ချုပ်များ၏ နှစ်ချုပ်စာရင်းများကို စစ်ဆေးခြင်းနှင့် အလုပ်သမားအဖွဲ့အစည်းအဆင့်ဆင့်၏ နှစ်ချုပ်စာရင်းများကို စစ်ဆေးစေခြင်း၊
(စ) အလုပ်သမားအဖွဲ့အစည်းတစ်ခုနှင့်တစ်ခု ပူးပေါင်းခြင်း သို့မဟုတ် ပူးပေါင်းထားသော အလုပ်သမားအဖွဲ့အစည်းမှ ပြန်လည်ခွဲထွက်ခြင်းပြုရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ မြို့နယ်မှတ်ပုံတင်အရာရှိ၏ စိစစ်တင်ပြချက်ကို အဆုံးအဖြတ်ပေးခြင်း၊
(ဆ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို ပုဒ်မ ၃၃ ပါ အကြောင်းတစ်ရပ်ရပ်အရ ပယ်ဖျက်ရန် မြို့နယ်မှတ်ပုံတင်အရာရှိ၏ တင်ပြချက်နှင့်စပ်လျဉ်း၍ အဆုံးအဖြတ်ပေးခြင်း။

၃၃။ အောက်ဖော်ပြပါ အကြောင်းတစ်ရပ်ရပ် ပေါ်ပေါက်ခဲ့လျှင် မှတ်ပုံတင်အရာရှိချုပ်သည် အလုပ်သမားအဖွဲ့အစည်းတစ်ခုအား မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်နိုင်သည်-
(က) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ပေးရန် သက်ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့က လျှောက်ထားခြင်း၊
(ခ) သတ်မှတ်ထားသည့် အနည်းဆုံးအလုပ်သမားဦးရေ သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းဦးရေ ပြည့်မီမှုမရှိတော့ကြောင်း စိစစ်တွေ့ရှိရခြင်း။

**အခန်း(၉)**
**မှတ်ပုံတင်အရာရှိချုပ်၏ ဆုံးဖြတ်ချက်နှင့်စပ်လျဉ်း၍ လျှောက်ထားခြင်း**

၃၄။ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် ငြင်းပယ်ကြောင်း သို့မဟုတ် အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခြင်းကို ပယ်ဖျက်ကြောင်း မှတ်ပုံတင်အရာရှိချုပ်က ချမှတ်သည့်အမိန့်ကို မကျေနပ်သူသည် တည်ဆဲဥပဒေနှင့်အညီ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားနိုင်သည်။

၃၅။ မှတ်ပုံတင်အရာရှိချုပ်၏ ဆုံးဖြတ်ချက်သည် ယင်းဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက် ၉၀ ပြည့်မြောက်သည့်အချိန်ထိ လည်းကောင်း၊ မကျေနပ်သူက ပုဒ်မ ၃၄ အရ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ လျှောက်ထားမှုပြုခဲ့လျှင် ယင်းတရားလွှတ်တော်ချုပ်၏ အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်သည့်အချိန်ထိ လည်းကောင်း အကျိုးသက်ရောက်ခြင်း မရှိစေရ။

**အခန်း(၁၀)**
**မြို့နယ်မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ**

၃၆။ မြို့နယ်မှတ်ပုံတင်အရာရှိ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-
(က) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားချက်ကို သတ်မှတ်ချက်နှင့်အညီ စိစစ်၍ မှတ်ပုံတင်အရာရှိချုပ်ထံ တင်ပြခြင်း၊
(ခ) ပုဒ်မခွဲ (က) အရ စိစစ်ရာတွင် လိုအပ်ချက်များတွေ့ရှိပါက သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းထံမှ တောင်းခံခြင်းနှင့် ယင်းသို့ တောင်းခံနေစဉ်ကာလအတွင်း မှတ်ပုံတင်ခွင့်ပြုရေးကိစ္စကို ဆိုင်းငံ့ထားခြင်း၊
(ဂ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ပေးရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ မှတ်ပုံတင်အရာရှိချုပ်၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်းအား အကြောင်းကြားခြင်း၊
(ဃ) မှတ်ပုံတင်အရာရှိချုပ်က မှတ်ပုံတင်ခွင့်ပြုသော အလုပ်သမားအဖွဲ့အစည်းအား မှတ်ပုံတင်လက်မှတ် ပေးအပ်ခြင်း၊
(င) သက်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း၏ နှစ်ချုပ်အဖွဲ့ဝင်အင်အားစာရင်းနှင့် နှစ်ချုပ်ငွေစာရင်းတို့ကို လက်ခံထိန်းသိမ်းခြင်း၊
(စ) အလုပ်သမားအဖွဲ့အစည်းများ၏ ပူးပေါင်းရန် သို့မဟုတ် ခွဲထွက်ရန် လျှောက်ထားချက်နှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်အရာရှိချုပ်ထံ တင်ပြခြင်း၊
(ဆ) ပုဒ်မခွဲ (စ)အရ တင်ပြချက်နှင့်စပ်လျဉ်း၍မှတ်ပုံတင်အရာရှိချုပ်၏ ဆုံးဖြတ်ချက်ကို သက်ဆိုင်ရာအလုပ်သမားအဖွဲ့အစည်းအား အကြောင်းကြားခြင်း၊
(ဇ) အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားခြင်းကို ပုဒ်မ ၃၃ ပါ အကြောင်းတစ်ရပ်ရပ်အရ ပယ်ဖျက်ရန် မှတ်ပုံတင်အရာရှိချုပ်ထံ တင်ပြခြင်း၊
(ဈ) ဤဥပဒေပုဒ်မ ၃၂၊ ပုဒ်မခွဲ(ဃ) အရ မှတ်ပုံတင်အရာရှိချုပ်၏ ညွှန်ကြားချက်နှင့်အညီ အလုပ်သမားအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ခြင်းမှ ပယ်ဖျက်ရေးအတွက် သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တရားရုံးတွင် တရားစွဲဆိုခြင်း၊
(ည) မှတ်ပုံတင်အရာရှိချုပ်က အခါအားလျော်စွာ ပေးအပ်သောတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၁၁)**
**အလုပ်ပိတ်ခြင်းနှင့် သပိတ်မှောက်ခြင်း**

၃၇။ အများပြည်သူဆိုင်ရာဝန်ဆောင်မှုလုပ်ငန်းကို လည်းကောင်း၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျုံးမဝင်သောလုပ်ငန်းကိုလည်းကောင်း၊ အလုပ်ပိတ်ခြင်းပြုလိုသော အလုပ်ရှင်သည် စတင်အလုပ်ပိတ်မည့်နေ့ရက်နှင့် ကာလကို သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအလုပ်သမားများသို့ လည်းကောင်း၊ သက်ဆိုင်ရာ မြို့နယ်အလုပ်သမားအဖွဲ့အစည်းသို့လည်းကောင်း၊ သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ လည်းကောင်း အလုပ်ပိတ်မည့်ရက်မတိုင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်အကြောင်းကြားပြီး သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ခွင့်ပြုချက်ရရှိမှသာ အလုပ်ပိတ်ခြင်းပြုရမည်။

၃၈။ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် သပိတ်မှောက်ခြင်းပြုလိုသော အလုပ်သမားအဖွဲ့အစည်းသည် အဖွဲ့အစည်းဝင်အလုပ်သမားအများစု၏ ဆန္ဒပြုချက်အရ-
(က) သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ ညွှန်ကြားချက်ဖြင့် သပိတ်မှောက်မည့် နေ့ရက်၊ နေရာ၊ ပါဝင်မည့် ဦးရေ၊ နည်းလမ်းနှင့် သပိတ်မှောက်မည့် အချိန်ကာလကို ဖော်ပြ၍ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအလုပ်ရှင်နှင့် သက်ဆိုင်ရာညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သပိတ်မှောက်မည့် ရက်မတိုင်မီ အနည်းဆုံး ၁၄ ရက် ကြိုတင်အကြောင်းကြားရမည်။
(ခ) အလုပ်သမားများ၏ သပိတ်မှောက်ခြင်းဆိုင်ရာ အခွင့်အရေးကို မထိခိုက်စေဘဲ အများပြည်သူ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် ဝန်ဆောင်မှုပြုမည့် အနည်းဆုံးအရေအတွက်ကို အငြင်းပွားမှုမတိုင်မီ ညှိနှိုင်းဆွေးနွေး ဆုံးဖြတ်ရမည်။ ထိုသို့ ဆောင်ရွက်ရာတွင် အလုပ်ရှင်နှင့် အလုပ်သမားအဖွဲ့အစည်းများသည် သပိတ်မှောက်ခဲ့လျှင် လုပ်ငန်းခွင်တွင် ဆက်လက်လုပ်ကိုင်နေရမည့် အလုပ်သမားအရေအတွက်နှင့် ရာထူးအမျိုးအစားအပေါ် သဘောတူညီချက် ရယူထားရမည်။ ယင်းသို့ သဘောတူညီမှု မရရှိခဲ့ပါက ဝန်ဆောင်မှုပြုမည့် အနည်းဆုံးအရေအတွက်ကို စီရင်ပိုင်ခွင့်ရှိသည့် တရားရုံးတွင် ဆုံးဖြတ်ရမည်။

၃၉။ အလုပ်သမားအဖွဲ့အစည်းဝင် အများစု၏ ဆန္ဒပြုချက်အရ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျုံးမဝင်သော လုပ်ငန်းများတွင် သပိတ်မှောက်ခြင်းပြုလိုသော အလုပ်သမားအဖွဲ့အစည်းသည် သက်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ခွင့်ပြုချက်ဖြင့် သပိတ်မှောက်မည့် နေ့ရက်၊ နေရာ၊ ပါဝင်မည့် ဦးရေ၊ နည်းလမ်းနှင့် အချိန်ကာလတို့ကိုဖော်ပြ၍ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ အလုပ်ရှင်နှင့် သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သပိတ်မှောက်မည့်ရက်မတိုင်မီ အနည်းဆုံး သုံးရက်ကြိုတင်အကြောင်းကြားရမည်။

၄၀။ (က) သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သည် အလုပ်ပိတ်ခွင့်ပြုရန် အလုပ်ရှင်တစ်ဦးဦး၏ တင်ပြချက်နှင့် စပ်လျဉ်း၍ ခွင့်ပြု မပြုကို သက်ဆိုင်ရာ အလုပ်ရှင်ထံ အချိန်မီ အကြောင်းပြန်ကြားရမည်။
(ခ) သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်သည် အလုပ်သမားအဖွဲ့အစည်းတစ်ခုခုက သပိတ်မှောက်ခွင့်ပြုရန် တင်ပြချက်နှင့်စပ်လျဉ်း၍ ခွင့်ပြု မပြုကို အလုပ်သမားအဖွဲ့အစည်းထံ အချိန်မီ အကြောင်းပြန်ကြားရမည်။

၄၁။ အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းသည် အောက်ပါအချက် တစ်ရပ်ရပ်နှင့် ငြိစွန်းပါက ဥပဒေနှင့် ဆန့်ကျင်သော အလုပ်ပိတ်ခြင်း သို့မဟုတ် ဥပဒေနှင့် ဆန့်ကျင်သော သပိတ်မှောက်ခြင်းဖြစ်သည်-
(က) လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှု ပြတ်တောက်ရပ်ဆိုင်းစေခြင်းဖြင့် အများပြည်သူအချို့၏ အသက်၊ ကျန်းမာရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သော အောက်ပါ မရှိမဖြစ်လိုအပ်သည့် ဝန်ဆောင်မှုများဖြစ်ခြင်း-
(၁) ရေပေးဝေရေးလုပ်ငန်း၊
(၂) လျှပ်စစ်ဓာတ်အားလုပ်ငန်း၊
(၃) မီးသတ်လုပ်ငန်း၊
(၄) ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်း၊
(၅) တယ်လီကွန်းဆက်သွယ်ရေးလုပ်ငန်း၊

**ရှင်းလင်းချက်။** ။ အချိန်ကာလတစ်ရပ်ကို ကျော်လွန်၍ သပိတ်မှောက်ခြင်းကြောင့် အငြင်းပွားမှုတွင် ပါဝင်သူများ၏ အလုပ်ခွင်အကျိုးစီးပွားကို ပြန်လည်အစားထိုး၍ မရနိုင်အောင် ထိခိုက်လျှင်ဖြစ်စေ၊ အလွန်အမင်း ထိခိုက်စေလျှင်ဖြစ်စေ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုမဟုတ်သည့် လုပ်ငန်းတစ်ခုသည် မရှိမဖြစ် လိုအပ်သော ဝန်ဆောင်မှုတစ်ခုအဖြစ် ပြောင်းလဲလာနိုင်သည်။

(ခ) အလုပ်သမားအဖွဲ့အစည်းများသည် သက်ဆိုင်ရာအလုပ်သမားအဖွဲ့ချုပ်၏ ခွင့်ပြုချက်မရှိဘဲ သပိတ်မှောက်ခြင်း၊
(ဂ) အလုပ်ပိတ်ခြင်း သို့မဟုတ် သပိတ်မှောက်ခြင်းနှင့်စပ်လျဉ်း၍ ဤဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ ကြိုတင်အကြောင်းကြားရန် ပျက်ကွက်ခြင်း၊
(ဃ) လုပ်ခ၊ လစာ၊ သက်သာချောင်ချိရေး၊ အလုပ်ချိန်နာရီ သို့မဟုတ် အလုပ်သမားများ၏ လုပ်ငန်းခွင်ဆိုင်ရာ အကျိုးစီးပွားနှင့် သက်ဆိုင်သည့် အခြားကိစ္စများကဲ့သို့သော အလုပ်သမားရေးရာ ကိစ္စများနှင့် သက်ဆိုင်မှုမရှိခြင်း၊
(င) သပိတ်မှောက်ခြင်းသည် ကြိုတင်ခွင့်ပြုချက်ရယူထားသည့် နေ့ရက်၊ နေရာ၊ အချိန်ကာလ၊ ပါဝင်မည့် ဦးရေ၊ နည်းလမ်းတို့နှင့် ကိုက်ညီမှုမရှိခြင်း။

၄၂။ ဥပဒေနှင့်ဆန့်ကျင်သော အလုပ်ပိတ်ခြင်း သို့မဟုတ် ဥပဒေနှင့်ဆန့်ကျင်သော သပိတ်မှောက်ခြင်းဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ တားဆီးနိုင်သည်။

**အခန်း(၁၂)**
**တားမြစ်ချက်များ**

၄၃။ မည်သည့်အလုပ်ရှင်မျှ သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် လည်းကောင်း၊ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျုံးမဝင်သောလုပ်ငန်းတွင် လည်းကောင်း အလုပ်ပိတ်ခြင်း မပြုရ။

၄၄။ မည်သည့်အလုပ်ရှင်မျှ-
(က) အငြင်းပွားမှုတစ်ရပ်ရပ်အတွက် ဝါဏိဇ္ဇပဋိပက္ခမှု ဖြေရှင်းနေစဉ်အတွင်း ယင်းအငြင်းပွားမှုကို အကြောင်းပြု၍ အလုပ်ပိတ်ခြင်းမပြုရ။
(ခ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က) နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ဥပဒေနှင့် ဆန့်ကျင်သော အလုပ်ပိတ်ခြင်းမပြုရ။
(ဂ) ပုဒ်မ ၄၁၊ ပုဒ်မခွဲ(က) နှင့် (ဂ)တို့ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သည့် ဥပဒေနှင့် ဆန့်ကျင်သော အလုပ်ပိတ်ခြင်းကို ငြင်းဆန်သည့် အလုပ်သမားအား အလုပ်မှထုတ်ပစ်ခြင်းမပြုရ။
(ဃ) ဤဥပဒေနှင့်အညီ အလုပ်သမားအဖွဲ့အစည်းတစ်ရပ်၏ လှုပ်ရှားမှုများကို ဆောင်ရွက်ရန် အလုပ်သမားအဖွဲ့အစည်းတစ်ခုတွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခြင်း သို့မဟုတ် သပိတ်မှောက်ရာတွင် ပါဝင်ဆောင်ရွက်ခြင်းကြောင့် အလုပ်သမားတစ်ဦးအား အလုပ်မှထုတ်ပစ်ခြင်းမပြုရ။

၄၅။ မည်သည့်အလုပ်သမားမျှ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းတွင် သပိတ်မှောက်ခြင်းပြုမည့်အကြောင်း ပုဒ်မ ၃၈ ပါ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာ အလုပ်ရှင်သို့ လည်းကောင်း၊ သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ လည်းကောင်း ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ သပိတ်မှောက်ခြင်းမပြုရ။

၄၆။ မည်သည့်အလုပ်သမားမျှ အများပြည်သူဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျုံးမဝင်သော လုပ်ငန်းများတွင် သပိတ်မှောက်ခြင်းပြုမည့်အကြောင်း ပုဒ်မ ၃၉ ပါ သတ်မှတ်ချက်နှင့်အညီ သက်ဆိုင်ရာအလုပ်ရှင်သို့ လည်းကောင်း၊ သက်ဆိုင်ရာ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ လည်းကောင်း ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ သပိတ်မှောက်ခြင်းမပြုရ။

၄၇။ မည်သည့်အလုပ်သမားမျှ-
(က) အငြင်းပွားမှုတစ်ရပ်ရပ်အတွက် ဝါဏိဇ္ဇပဋိပက္ခမှု ဖြေရှင်းနေစဉ်အတွင်း ယင်းအငြင်းပွားမှုကို အကြောင်းပြု၍ သပိတ်မှောက်ခြင်းမပြုရ၊
(ခ) ပုဒ်မ ၄၁ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် အကျုံးဝင်သော ဥပဒေနှင့် ဆန့်ကျင်၍ သပိတ်မှောက်ခြင်းမပြုရ။

၄၈။ အလုပ်သမားအဖွဲ့အစည်းများ၏ ရန်ပုံငွေကို ယင်းတို့၏ ဖွဲ့စည်းပုံစည်းမျဉ်းများတွင် ဖော်ပြထားသော လူမှုသက်သာချောင်ချိရေး၊ ပညာရေး၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ ကျွမ်းကျင်မှုဆိုင်ရာသင်တန်း စသည့်ကိစ္စရပ်များနှင့် ယင်းကိစ္စရပ်များအတွက် ရည်ရွယ်ခေါ်ယူကျင်းပသော အဆိုပါအလုပ်သမားအဖွဲ့အစည်း၏ အထွေထွေအစည်းအဝေးတွင် အဖွဲ့ဝင်အများစုက အတည်ပြုချမှတ်ထားသည့် ကိစ္စရပ်များမှအပ သုံးစွဲခြင်းမပြုရ။

၄၉။ မည်သူမျှ အလုပ်သမားတစ်ဦးဦးအား အလုပ်သမားအဖွဲ့အစည်းတွင် ပါဝင်စေရန် သို့မဟုတ် မပါဝင်စေရန် အတင်းအကျပ်ပြုခြင်း၊ ခြိမ်းခြောက်ခြင်း၊ မလျော်သြဇာသုံးခြင်း သို့မဟုတ် မသမာသောနည်းဖြင့် သွေးဆောင်ဖြားယောင်းခြင်းမပြုရ။

၅၀။ မည်သူမျှ-
(က) အလုပ်အမှုဆောင်အဖွဲ့များက ဤဥပဒေပါ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်းမပြုရ။
(ခ) အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆေးရုံ၊ စာသင်ကျောင်း၊ သာသနိက အဆောက်အအုံ၊ လေဆိပ်၊ ဘူတာရုံ၊ ခရီးသည်တင်ယာဉ်ရပ်နားစခန်း၊ ဆိပ်ကမ်း သို့မဟုတ် သံတမန်အဖွဲ့အစည်းများ၊ တပ်မတော် သို့မဟုတ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့အဆောက်အအုံ တစ်ခုခုမှ ကိုက် ၅၀၀ အတွင်းတွင် ဆန္ဒပြခြင်းမပြုရ။

**အခန်း(၁၃)**
**ပြစ်ဒဏ်များ**

၅၁။ မည်သည့်အလုပ်ရှင်မဆို ပုဒ်မ ၄၃၊ ပုဒ်မ ၄၄ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၂။ မည်သည့်အလုပ်သမားမဆို ပုဒ်မ ၄၅၊ ၄၆ နှင့် ၄၇ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၅၃။ မည်သူမဆို ပုဒ်မ ၄၈ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၄။ မည်သူမဆို ပုဒ်မ ၄၉ နှင့် ပုဒ်မ ၅၀၊ ပုဒ်မခွဲ(က)ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၅၅။ ပုဒ်မ ၅၀၊ ပုဒ်မခွဲ(ခ) ပါ တားမြစ်ချက်အား ကျူးလွန်ရာ၌ လူပုဂ္ဂိုလ်ကို အကြမ်းဖက်ခြင်း၊ ပစ္စည်းအား ထိခိုက်ပျက်စီးစေခြင်း သို့မဟုတ် အခြားသော အခွင့်အရေးများကို ပြင်းထန်စွာ ချိုးဖောက်ခြင်းကိစ္စများတွင် သက်ဆိုင်ရာဥပဒေအရ အရေးယူခြင်းခံရမည်။

**အခန်း(၁၄)**
**အထွေထွေ**

၅၆။ ပြည်ထောင်စုအစိုးရသည် အလုပ်သမားအဖွဲ့အစည်းအား သင့်လျော်သလို အကူအညီပေးနိုင်သည်။ အလုပ်သမားအဖွဲ့အစည်း၏ ဥပဒေနှင့်အညီ လွတ်လပ်စွာ ဆောင်ရွက်ပိုင်ခွင့်ကိုလည်း အလေးထားစဉ်းစားရမည်။

၅၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အလုပ်သမားဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်း သို့မဟုတ် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လည်းကောင်း၊ လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို လည်းကောင်း ထုတ်ပြန်နိုင်သည်။

၅၈။ The Trade Unions Act, 1926 ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်



# အထက်မြန်မာပြည် တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲဖွင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်အားပေး

နေပြည်တော် အောက်တိုဘာ ၁၁

**ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်)ညွှန်ကြားရေးမှူးချုပ်ဖလား တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက် (အမျိုးသား၊ အမျိုးသမီး)ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၀ ရက် ညနေ ၃ နာရီတွင် မန္တလေးမြို့ ဗထူးအားကစားကွင်း၌ ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်တို့ တက်ရောက်အားပေးကြသည်။**

ရှေးဦးစွာ ပြိုင်ပွဲဝင်အားကစားသမားများက ကွင်းအတွင်းဝင်ရောက်နေရာယူကြပြီး ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အဖွင့်အမှာစကားပြောကြားကာ **(အပေါ်ပုံ)** တက္ကသိုလ်၊ ဒီဂရီကောလိပ်ပေါင်းစုံ ဇုန်အလိုက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ကွင်းဖွင့်ယှဉ်ပြိုင်ကစားကြမည့် တောင်ကြီးဇုန် အမျိုးသားဘောလုံးအသင်းနှင့် မြစ်ကြီးနားဇုန် အမျိုးသားဘောလုံးအသင်းတို့မှ ဘောလုံးအားကစားသမားများ၊ ဒိုင်လူကြီးများ တစ်ဦးချင်းစီကို နှုတ်ဆက်အားပေးသည်။ ထို့နောက် တောင်ကြီးဇုန် အမျိုးသားဘောလုံးအသင်းနှင့် မြစ်ကြီးနားဇုန် အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြစ်ကြီးနားဇုန် အမျိုးသားဘောလုံးအသင်းက ခြောက်ဂိုး- လေးဂိုးဖြင့် အနိုင်ရပြီး ဇုန်အလိုက် အမျိုးသား၊ အမျိုးသမီး ဘောလုံးပြိုင်ပွဲကို အောက်တိုဘာ ၂၁ ရက်အထိ သတ်မှတ်အားကစားကွင်းများ၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီး အလွတ်တန်း ဒုတိယအဆင့် ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

၂၀၁၁ ခုနှစ် (၁၆)ကြိမ်မြောက် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသမီး အလွတ်တန်းဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် ရှုံး/ထွက်ပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ အောက်တိုဘာ ၁၀ ရက်တွင် ပဒေသာအားကစားကွင်း၌ ဧရာဝတီတိုင်းဒေသကြီး အသင်းက မန္တလေးတိုင်းဒေသကြီးအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ ပဒုမ္မာအားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းက မွန်ပြည်နယ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အနိုင်ရရှိသွားကြသည်။

အကြိုဗိုလ်လုပွဲများအဖြစ် ယနေ့တွင် ပဒုမ္မာအားကစားကွင်း၌ ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ အောက်တိုဘာ ၁၃ ရက်တွင် ပဒုမ္မာအားကစားကွင်း၌ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ကူဝိတ်နိုင်ငံတွင်ကျင်းပမည့် လေသေနတ်ပစ်ဖိတ်ခေါ်ပြိုင်ပွဲ မြန်မာသေနတ်ပစ်အဖွဲ့ သွားရောက်ယှဉ်ပြိုင်မည်

ရန်ကုန် အောက်တိုဘာ ၁၁

ကူဝိတ်နိုင်ငံ ကူဝိတ်မြို့တွင် အောက်တိုဘာ ၁၇ ရက်မှ ၂၃ ရက်အထိ ကျင်းပမည့် (၄)ကြိမ်မြောက် အာရှသေနတ်ပစ်အဖွဲ့ချုပ် လေသေနတ်ပစ်ဖိတ်ခေါ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ်မှ အမျိုးသား၊ အမျိုးသမီး ကစားသမား ခုနစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဒိုင်၊ ဂျူရီလူကြီးတစ်ဦး၊ အုပ်ချုပ်သူတစ်ဦးနှင့် အဖွဲ့ခေါင်းဆောင် မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးထက်ညီတို့ လိုက်ပါသွားကြမည်ဖြစ်သည်။

အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထက်ညီသည် အောက်တိုဘာ ၂၀ ရက်တွင် ကူဝိတ်နိုင်ငံ၌ ကျင်းပမည့် အာရှ သေနတ်ပစ်အဖွဲ့ချုပ် အထွေထွေညီလာခံသို့လည်း တက်ရောက်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## အပြည်ပြည်ဆိုင်ရာ စစ်တုရင်ဒိုင်လူကြီးသင်တန်းဆင်းပွဲ ကျင်းပ

ရန်ကုန် အောက်တိုဘာ ၁၁

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော အပြည်ပြည်ဆိုင်ရာ စစ်တုရင် ဒိုင်လူကြီးသင်တန်း (International Arbiters Seminar) ဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၁၀ ရက် ညနေပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ Central Hotel ပုလဲခန်းမ၌ ကျင်းပရာ အာရှစစ်တုရင်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ IA Castro Abundo၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးမောင်မောင်လွင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာရှစစ်တုရင် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ IA Castro Abundo **(ယာပုံ)** က သင်တန်းဆင်းလက်မှတ်များကို တစ်ဦးချင်းပေးအပ်သည်။

အဆိုပါ သင်တန်းသို့ စစ်တုရင်ဒိုင်လူကြီး ၂၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




## မြန်မာ့ဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် အောက်တိုဘာ ၁၁

မြန်မာ့ဘောလုံးအားကစားစွမ်းရည် တိုးတက်မြင့်မားရေး အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းစင်တာ၌ အောက်တိုဘာ ၁၈ ရက် နှင့် ၁၉ ရက်များတွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာ့ဘောလုံးအဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ ဘောလုံးဝါသနာရှင်များ၊ အားကစားဆောင်းပါးရှင်များ၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းကြီးများနှင့် ဘောလုံးအားကစားကို စိတ်ပါဝင်စားကြသည့် ပြည်သူလူထုများမှ တင်သွင်းလာသော စာတမ်းများကို စာတမ်းစိစစ်ရေးအဖွဲ့က အကြောင်းအရာ၊ အချက်အလက် တူရာများကိုခွဲခြား၍ တာဝန်ရှိသူများနှင့် စာတမ်းရှင်များက သတ်မှတ်ခေါင်းစဉ်အလိုက် ပြည့်ပြည့်စုံစုံ ပြန်လည်ပြုစုကာ အလုပ်ရုံဆွေးနွေးပွဲတွင် ဖတ်ကြားတင်ပြကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြန်မာမြင်းစီးအားကစားအဖွဲ့ အင်ဒိုနီးရှား ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၁၁

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် ကမ္ဘာ့မြင်းစီးအားကစားအဖွဲ့ချုပ်၏ သတ်မှတ်အရည်အချင်းပြိုင်ပွဲ အောင်မြင်ပြီးသော မြန်မာမြင်းစီးအားကစားအဖွဲ့သည် အင်ဒိုနီးရှားမြင်းစီးအားကစားအဖွဲ့ချုပ်က ပံ့ပိုးကူညီသည့် မြင်းများဖြင့် ကြိုတင်လေ့ကျင့်ရန် အောက်တိုဘာ ၇ ရက် နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် အင်ဒိုနီးရှားနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်မှ ဦးငြိမ်းကျော်၊ ဦးသန်းဝင်းနှင့် အားကစားဝန်ကြီးဌာနမှ ဦးအောင်မိုးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြိုင်ပွဲတွင် ကမ္ဘာ့မြင်းစီးအားကစားအဖွဲ့ချုပ် သတ်မှတ်အဆင့် အောင်မြင်ပြီးသော သိန်းဝင်း၊ သန်းလှိုင်၊ ဘခန့်နှင့် အောင်သူထွန်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး Show Jumping နှင့် Dressage ပြိုင်ပွဲများတွင် အဆိုပါ အားကစားသမားများနှင့်အတူ အမျိုးသမီးအားကစားသမား အိသက်မွန် ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## သီယာဂိုဆေးလ်ဗားကို ဘာစီလိုနာအလိုရှိနေ

ဘာစီလိုနာ အောက်တိုဘာ ၁၁

ဥရောပ၏ အကောင်းဆုံးအသင်းဟု သတ်မှတ်ခံထားရသည့် ဘာစီလိုနာအသင်းသည် အေစီမီလန်အသင်းမှ ဘရာဇီးဗဟိုခံစစ်မှူး သီယာဂိုဆေးလ်ဗားကို အလိုရှိနေသည်ဟု သိရသည်။

ဘာစီလိုနာအသင်းအနေဖြင့် တိုက်စစ်ပိုင်းနှင့် ကွင်းလယ်ပိုင်းတွင် လူငယ်များဖြင့် စုဖွဲ့ထားပြီး တောင့်တင်းမှုရှိနေသော်လည်း နောက်တန်းဗဟိုခံစစ်နေရာတွင် လက်ရှိကစားနေသည့် ပူယိုးမှာ အသက်အရွယ်ရလာပြီဖြစ်၍ ယခုနှစ်တစ်ရာသီသာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။ ထို့ကြောင့် ၎င်း၏နေရာတွင် အစားထိုးနိုင်ရန် ဘာစီလိုနာအနေဖြင့် သီယာဂိုဆေးလ်ဗားကို ခေါ်ယူရန် ပြင်ဆင်လာခဲ့ရခြင်းဖြစ်သည်။

အသက်(၂၇)နှစ်ရှိ ဆေးလ်ဗားကို ယမန်နှစ်က ရီးယဲလ်မက်ဒရစ်အသင်းက ခေါ်ယူရန်ကြိုးပမ်းခဲ့ဖူးရာ ၎င်းအနေ ဖြင့် ဘာနေဗျူးသို့ ပြောင်းရွှေ့လိုသော်လည်း မိသားစုအရေးကိစ္စကြောင့် မီလန်မြို့ကို မစွန့်ခွာနိုင်ဖြစ်ခဲ့ရသည်။ ယခုတွင်မူ ဘာစီလိုနာအသင်း၏ ကမ်းလှမ်းမှုကို လက်ခံလာနိုင်ဖွယ်ရှိနေသည်ဟု သုံးသပ်လျက်ရှိကြသည်။

***အင်တာနက်။***

### ဟန်သစ်

**✻ အန်ဇီးအသင်းမှ**

ဘရာဇီးလူငယ်တိုက်စစ်မှူး နေမာမှာ ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်နှင့် ချယ်လ်ဆီးတို့ကဲ့သို့ အသင်းကြီးများ၏ စိတ်ဝင်စားနေမှုကို ခံနေရသူဖြစ်ကာ ပြောင်းရွှေ့ကြေး ကြီးမြင့်နေခြင်းကြောင့်သာ ခေါ်ယူနိုင်မှု မပြုနိုင်ကြခြင်းဖြစ်သည်။ အာဆင်နယ်အသင်းမှ ဗန်ပါစီမှာမူ လက်ရှိအချိန်တွင် အသင်းနှင့် စာချုပ်သက်တမ်းတိုးမြှင့် ချုပ်ဆိုခြင်းမရှိသေးဘဲ ဆွေးနွေးနေဆဲဖြစ်သည်။ မန်စီးတီး အသင်းကလည်း ၎င်းကိုစိတ်ဝင်စားသည့်အရိပ်အယောင် ပြလျက်ရှိနေသည်။

ထို့အတူ အန်ဇီးအသင်း စိတ်ဝင်စားနေသည့် ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာမှာမူ ချယ်လ်ဆီးတွင် ပွဲချိန်ပြည့်ပါဝင်ကစားခွင့် မရရှိခြင်းကြောင့် အသင်းပြောင်းရန် စိုင်းပြင်းနေခြင်းဖြစ်သည်။ ပြင်သစ်ကလပ် ပဲရစ်စိန့်ဂျာမိန်းက စိတ်ဝင်စားနေသည့် အနယ်လ်ကာကို အီတူးနှင့်တွဲဖက်ကစားစေရန် အန်ဇီးယာယီနည်းပြက ဆန္ဒရှိနေခြင်းဖြစ်သည်။

**- ရေရှည်အောင်မြင်ရေး -**

အန်ဇီးအသင်းဥက္ကဋ္ဌနှင့် ဘုတ်အဖွဲ့တာဝန်ရှိသူများသည် ၎င်းတို့၏အသင်းကို ဘာစီလိုနာ၊ ရီးယဲလ်မက်ဒရစ်နှင့် မန်ယူတို့ကဲ့သို့ ဥရောပထိပ်သီးအသင်းတစ်သင်းဖြစ်လာစေရန် ငွေကြေးအမြောက်အမြားအသုံးပြု၍ ကစားသမားသစ်များခေါ်ယူရန် ပြင်ဆင်လာခဲ့ခြင်းဖြစ်သည်။ ထို့ပြင် အသင်းရေရှည်အောင်မြင်ရေးအတွက် နည်းပြနေရာကို ကာပယ်လို၊ မော်ရင်ဟိုနှင့် ဂူဟစ်ဒင့်တို့ထဲမှ တစ်ဦးဦးကို ခေါ်ယူရန် ရည်ရွယ်နေသည်။

***အင်တာနက်။***



**မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ရွာတော်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် လိုအပ်လျက်ရှိသော ရေစက်ခန်းနှင့် အုတ်ရေကန်ကြီး တစ်လုံးအတွက် ပျော်ဘွယ်မြို့ မြင်းဘက်ရပ်နေ ဦးသန်းလွင်-ဒေါ်မြမြအေး၊ သားမောင်ဟိန်းထက်စိုး(ညီညီအဆင့်မြင့် မွေးမြူရေးအစာထုတ်လုပ်ဖြန့်ချိရေး) မိသားစုက အလှူငွေကျပ် ၁၀ သိန်းကို စက်တင်ဘာ ၁၉ ရက်က လှူဒါန်းရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဆန်းအောင် လက်ခံယူစဉ်။** (ကြေးမုံ)

## နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် မျက်မမြင်လမ်းလျှောက်ပွဲ မန္တလေးမြို့၌ကျင်းပမည်

မန္တလေး အောက်တိုဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးတိုင်းဒေသကြီးလူမှုဝန်ထမ်းဦးစီးဌာနနှင့် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ) အထက်မြန်မာပြည်ရုံးတို့ပူးပေါင်းကျင်းပမည့် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ် မျက်မမြင်လမ်းလျှောက်ပွဲကို အောက်တိုဘာ ၁၅ ရက် နံနက် ၆ နာရီတွင် ကျင်းပမည်ဖြစ်ရာ ပါဝင်ဆင်နွှဲလိုသူများသည် ရွှေမင်းသားဖောင်ဒေးရှင်း(မြန်မာ)၏ အထက်မြန်မာပြည်ရုံးခန်း အမှတ်(၄) ၃၃ လမ်း ၆၇×၆၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၉-၉၁၀၄၈၅၉၀ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

### အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး



**အောက်တိုဘာ ၇ ရက်က ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ရဲတပ်ဖွဲ့သို့ ရဲမှူးချုပ်တင်ဝင်း (ငြိမ်း) မိသားစုက ဒုတိယအကြိမ် ပညာသင်စရိတ် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။**

(ကြေးမုံ)

**ခန္တီစ တော်မင်္ဂလမုတ္တမ်** သည်းခံခြင်းသည် မြတ်သောမင်္ဂလာမည်၏။

# ပညာရေးဝန်ထမ်းများ အရည်အသွေးမြင့်မားရေး ဆက်လက်ဆောင်ရွက်

## ပုဂ္ဂလိကပညာရေးဝန်ဆောင်မှုများကို ဥပဒေပြဋ္ဌာန်းပြီး စနစ်တကျ ဖော်ဆောင်

နေပြည်တော် အောက်တိုဘာ ၁၁

**အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၃) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်) ခန်းမ၌ ကျင်းပရာ အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။**



**အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ဗဟိုဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၃) ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။**
(သတင်းစဉ်)

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဒေါက်တာမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

အမျိုးသား ပညာရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာတွင် ဒို့တာဝန်အရေး သုံးပါးကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန်အတွက် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားဖြစ်သော အင်အား (၃)ရပ် တောင့်တင်းခိုင်မာအောင် တည်ဆောက်သွားကြရမည်ဖြစ်ကြောင်း၊ အင်အား(၃)ရပ် တောင့်တင်းခိုင်မာရေးအတွက် နိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရန် အရေးကြီးကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်မှာ ပညာရေးဖြစ်ကြောင်း၊ ခေတ်မီသည့်၊ ဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်အဖြစ် တည်ဆောက်ရာတွင် ထူးချွန်သော လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် အသိပညာရှင်၊ အတတ်ပညာရှင် အများကြီးလိုအပ်မည်ဖြစ်ကြောင်း။

အခမဲ့မသင်မနေရ မူလတန်းပညာရေးစနစ်ကို ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် အခြေခံပညာကျောင်းများ၏ အရည်အသွေးမြှင့်တင်ရေး၊ သင်ထောက်ကူပစ္စည်းများ ပိုမိုအသုံးပြုနိုင်ရေး၊ ပညာရေးဝန်ထမ်းများ၏ အရည်အချင်းမြင့်မားရေးနှင့် ၎င်းတို့၏ လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေး၊ အလယ်တန်းနှင့် အထက်တန်းကျောင်း တက်ရောက်မှုနှုန်းမြင့်မားလာရေးတို့ကို ဆက်လက်ဆောင်ရွက်ရင်း နိုင်ငံတကာအဆင့်မီ ပညာရေးအဆင့်အတန်းသို့ တက်လှမ်းနိုင်အောင် ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း၊ ပုဂ္ဂလိကကဏ္ဍပညာရေးဝန်ဆောင်မှုများကို သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းပြီး စနစ်တကျဖော်ဆောင်နိုင်အောင် စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပညာတော်သင်ဆုများ၊ ပညာသင်ထောက်ပံ့ကြေးများကိုလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ အခြေခံပညာကဏ္ဍ နှစ်(၃၀)နှစ်ရှည်စီမံကိန်း ရေးဆွဲချမှတ်ပြီး

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ☆

## ယာဉ်အစီး ၂၄၀၀ ကျော် သွင်းကုန်ပါမစ်များ ထုတ်ပေးပြီးဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၁**

သက်တမ်းကြာမြင့်သော မော်တော်ယာဉ်များ အပ်နှံဖျက်သိမ်း၍ အစားထိုးယာဉ် တင်သွင်းခွင့်ရရှိရေးအတွက် စက်တင်ဘာ ၁၉ ရက်မှ စတင်၍ သွင်းကုန်ပါမစ်များ ထုတ်ပေးလျက်ရှိရာ အောက်တိုဘာ ၁၀ ရက်တွင် လူစီးယာဉ် ၃၅၃ စီး၊ ကုန်တင်ယာဉ်အစီး ၂၀ စုစုပေါင်း ၃၇၃ စီးကို ပါမစ်များ ထုတ်ပေးခဲ့သည်။

အစားထိုးယာဉ်တင်သွင်းခွင့် ပါမစ်များ စတင်ထုတ်ပေးသည့် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ လူစီးယာဉ် ၂၃၆၈ စီး၊ ကုန်တင်ယာဉ် ၂၆ စီးနှင့် ခရီးသည်တင်ယာဉ် ၁၉ စီး စုစုပေါင်း ၂၄၁၃ စီး ခွင့်ပြုထုတ်ပေးပြီးဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

## ကျောက်ဆည်ဆင်ပွဲ စည်ကားသိုက်မြိုက်စွာ ကျင်းပ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၄ ရက်နှင့် လပြည့်နေ့များ၌ ဆင်ပွဲတော်ကို ကျင်းပသည်။ သီတင်းကျွတ်ဆင်ပွဲသည် အထူးထင်ရှားကျော်ကြားသည်။ ဝါး၊ စက္ကူတို့ဖြင့် ချိုးထားသော ဆင်ရုပ်အတွင်း လူဝင်၍ အပြိုင်အဆိုင် တီးမှုတ်ကခုန်ကာ လှည့်လည်ကြသည့် ပွဲတော်တစ်မျိုးဖြစ်သည်။ ဆင်ပွဲတော်ကို မြန်မာနိုင်ငံတွင် ကျောက်ဆည်မြို့၌သာ ထူးခြားစွာ ကျင်းပသည်ကို တွေ့ရသည်။ ပွဲတော်ကို လွန်ခဲ့သည့် နှစ်ပေါင်းတစ်ရာကျော်က စခဲ့ကြောင်း သိရှိရသည်။ ကျောက်ဆည်နယ်တွင်သာမက တစ်နိုင်ငံလုံး လူသိများသည်။

ကျောက်ဆည်မြို့သည် ဇော်ဂျီမြစ်၏ လက်ယာဘက်ကမ်းနဖူးတွင် တည်ရှိ၍ ရန်ကုန်-မန္တလေးမီးရထားလမ်းတွင် ထင်ရှားသော မြို့တစ်မြို့ ဖြစ်ပြီး မီးရထားလမ်းအတိုင်း မန္တလေးမြို့မှ ၂၇ မိုင်၊ ရန်ကုန်မြို့မှ ၃၅၉ မိုင် ဝေးသည်။

ကျောက်ဆည်မြို့ ရွှေသာလျောင်းတောင်ခြေတွင် ကျင်းပသော ဆင်လှူပွဲတော်ဖွင့်ပွဲတွင် ဆင်ဖြူနှစ်ကောင်၊ ဘော်ကြယ်ဆင် ၁၀ ကောင်၊ ရိုးရာဆင် ၁၂ ကောင်၊ ကလေးဆင် ၁၀ ကောင် စုစုပေါင်း ၃၄ ကောင်က ပါဝင်ကပြဖျော်ဖြေကြသည်။ ၂၀၁၁ ခုနှစ် ကျောက်ဆည်မြို့ ဆင်လှူပွဲတော်တွင် ဆင် ၁၈ ကောင်နှင့်

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖



**ပြိုင်ပွဲဝင်နေသည့် ဆင်တစ်ကောင်အား တွေ့ရစဉ်။**

ယ နေ့ သ တ င် း အ ညွှ န် း

## ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းပြုပြင်ခြင်းများ ဆောင်ရွက်မည်

**“ရေနုတ်မြောင်း သက်တမ်းကြာတာရယ်၊ စည်းကမ်းမဲ့ အမှိုက်ပစ်တာရယ် စတာတွေကြောင့် ရေစီးရေလာကောင်းမွန်ရေး ထိခိုက်စေသလို ကုန်တင်ယာဉ်များ သတ်မှတ်လမ်းမဟုတ်ဘဲ စည်းကမ်းမဲ့ မောင်းနှင်တာကြောင့် လမ်းမကြီးတွေကို ပျက်စီးစေပါတယ်”**

ပြည်တွင်းသတင်း စာမျက်နှာ - ၃

## အားကစား



**အန်ဖီးအသင်း ခေါ်ယူလိုသည့် နေမာ။**

## အန်ဖီးအသင်း တိုက်စစ်မှူးနှစ်ဦး ထပ်မံခေါ်ယူမည်

**မော်စကို အောက်တိုဘာ ၁၁**

ရုရှားကလပ်အန်ဇီးသည် ငွေကြေးအမြောက်အမြားအသုံးပြုပြီး အသင်းကိုပြင်ဆင်လျက်ရှိရာ ထိပ်တန်းတိုက်စစ်မှူး အနည်းဆုံးနှစ်ဦးခန့်ကို ထပ်မံခေါ်ယူသွားမည်ဟု ဆိုသည်။ အန်ဇီးအသင်းကခေါ်ယူရန် အဓိကပစ်မှတ်ထားနေသည့် တိုက်စစ်မှူးများမှာ ဆန်းတို့စ်အသင်းမှ ဘရာဇီးလက်ရွေးစင်တိုက်စစ်မှူး နေမာ၊ အာဆင်နယ်အသင်းမှ ဗန်ပါစီနှင့် ချယ်လ်ဆီးအသင်းမှ အနယ်လ်ကာတို့ပင်ဖြစ်သည်။

အန်ဇီးအသင်း၏ ယာယီနည်းပြရောဘတ်တိုကာလို့စ်က အဆိုပါ တိုက်စစ်မှူးသုံးဦးအနက် နှစ်ဦးကို ခေါ်ယူသွားမည်ဟုဆိုသည်။

**စာမျက်နှာ ၁၀ ကော်လံ ၃ သို့** ✳